မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၂) အမှတ် (၁၂၄)

Myanma Alinn Daily

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ဆုံးရှုံးနစ်နာမှုများ ရပ်ဆိုင်းနိုင်ဖို့နဲ့ အများပြည်သူလိုလားတဲ့ စစ်မှန်သော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ မိမိတို့အားလုံး စားပွဲဝိုင်းမှာ ဆွေးနွေးညှိနှိုင်းပြီး အဖြေရှာရမယ့် အချိန်အခါကို ကျရောက်နေပြီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားသည့် မိန့်ခွန်း

(၁ - ၂ - ၂၀၁၂)

မိဘပြည်သူများခင်ဗျား-

နှစ်သစ်ကူးမိန့်ခွန်းမှာ ရေဒီယိုကနေတစ်ဆင့် ကျွန်တော်တို့ အစိုးရရဲ့ မူဝါဒများ၊ လုပ်ဆောင်ချက်များကို အခါအခွင့်သင့်တိုင်း ဆက်သွယ်ပြောကြားသွားမယ်လို့ ပြောကြားခဲ့တဲ့အတိုင်း ယခုလို ဆက်သွယ်ပြောကြားခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့အခုရောက်နေတဲ့ နေရာကနေ ပြန်လှည့်ကြည့်မယ်ဆိုရင် ကျွန်တော်တို့အစိုးရသက်တမ်း နှစ်နှစ်အတွင်းမှာနိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေများစွာ ပြုလုပ်နိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီနိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကတစ်ဆင့် အောက်ခြေအဆင့် ပြည်သူလူထုအားလုံးအထိ သက်ရောက်မှုရှိစေမယ့် ပြည်သူ့ဗဟိုပြု စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့အတွက် အရေးကြီးတဲ့ အောင်ဆန်း-အက်တလီ စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီး သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ဟာလည်း နိုင်ငံတကာချေးငွေများ လျှော့ချနိုင်မှုနှင့် တိုက်တိုက်ဆိုင်ဆိုင် မြန်မာနိုင်ငံစီးပွားရေးသမိုင်းမှာ အရေးပါတဲ့နေ့တစ်နေ့အဖြစ် မှတ်တမ်းတင် ကျန်ရစ်နေမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာငွေကြေးဈေးကွက်များနှင့် စီးပွားရေးအသိုက်အဝန်းထဲကို ပြန်လည်ဝင်ရောက်နိုင်ဖို့ အရေးကြီးတဲ့ ခြေလှမ်းသစ်တစ်ခုကို စတင်နိုင်ခဲ့လို့ပဲဖြစ်ပါတယ်။ လက်ရှိဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံများဟာ တစ်ချိန်က ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ကဲ့သို့ နိုင်ငံတကာဘဏ်များ၊ အဖွဲ့များမှ ငွေကြေးအကူအညီရယူခဲ့ရပါတယ်။ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတိုင်းနီးပါးဟာ သန်းထောင်ပေါင်းများစွာသော ငွေကြေးအကူအညီကို ရယူခဲ့ရပါတယ်။ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံကဲ့သို့ နိုင်ငံကြီးများ၊ တောင်ကိုရီးယားနိုင်ငံ၊ အရှေ့တောင်အာရှနိုင်ငံများဖြစ်တဲ့ အိမ်နီးချင်းထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတို့ဟာလည်း ငွေကြေးအကူအညီများကို ရယူခဲ့ရပါတယ်။ အထီးကျန်ဆန်တဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ဒီလိုအကူအညီတွေမရနိုင်သလို ရှေ့ကိုတိုးတက်ဖို့လည်း အလွန်ခက်ခဲမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ (၁၀)စုနှစ်များစွာ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် နိုင်ငံတကာချေးငွေ အကူအညီများ ရယူနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။

ယခုအခါမှာတော့ ကျွန်တော်တို့နဲ့ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ဖော်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုတွေကြောင့် အခြေအနေတွေကို ပြောင်းလဲနိုင်ခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးတိုးတက်မှုဘဏ်အပါအဝင် နိုင်ငံတကာချေးငွေအကူအညီအတွက် အရေးကြီးတဲ့ နိုင်ငံကြီးများနှင့်လည်း ညှိနှိုင်းမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်က တင်ကျန်ခဲ့တဲ့ နိုင်ငံတကာကြွေးမြီများထဲမှ ဒေါ်လာသန်းပေါင်း ခြောက်ထောင်ကျော်ကိုလည်း ဖြေလျှော့နိုင်အောင် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပြီဆိုတဲ့ သတင်းကောင်းကိုလည်း ပြည်သူလူထုကြီးကို ပြောကြားလိုပါတယ်။ ယခုလို အရေးကြီးတဲ့အချိန်အခါမှာ မိတ်ဆွေကောင်းဖြစ်ကြောင်း ပြသခဲ့တဲ့ နော်ဝေးနိုင်ငံနဲ့ ဂျပန်နိုင်ငံအပါအဝင် ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများရဲ့ အကူအညီကိုလည်း အသိအမှတ်ပြု မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။ ယခုအခါမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတကာချေးငွေအကူအညီများကို ပြန်လည်ရရှိနိုင်ပြီ ဖြစ်ပါတယ်။ ဒီလိုရရှိနိုင်မယ့် သန်းပေါင်းများစွာသော ရန်ပုံငွေတွေကို ကမ္ဘာ့နိုင်ငံများအလယ်မှာ တာဝန်သိတဲ့၊ ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ဖို့၊ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးဖို့အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့၊ အရေးကြီးတဲ့ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ လမ်းတံတားတွေ ဆောက်ဖို့၊ လျှပ်စစ်ဓာတ်အားတွေ ထုတ်လုပ်ဖို့နဲ့ ရေကောင်းရေသန့်တွေ ရရှိနိုင်ဖို့ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ယခုလို ဆောင်ရွက်ခဲ့မှုများဟာ

စာမျက်နှာ ၃ ကော်လံ ၁ ●

နာဆာက ဆက်သွယ်ရေးဂြိုဟ်တုသစ်လွှတ်တင်

ဝေယံဦး-ရေးသားသည်

နာဆာကမျိုးဆက်သစ်ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ဇန်နဝါရီ ၃၀ ရက်၌ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်နေဗယ် လေတပ်အခြေစိုက်စခန်းမှနေ၍အောင်မြင်စွာ လွှတ်တင်လိုက်ပြီဖြစ်သည်။

အထောက်အကူပြု

တီဒီအာအက်စ် -K ဟုအမည်ပေးထားသော ၄င်းဂြိုဟ်တုကို အာကာသအတွင်းလွှတ်တင်ထားသော ဂြိုဟ်တုများနှင့် ကွန်ရက်ချိတ်ဆက်ကာ ဆက်သွယ်ရေးလုပ်ငန်းများကို လျင်မြန်စေရန် အထောက်အကူပြုသွားမည်ဖြစ်သည်။ အထူးသဖြင့် အာကာသအတွင်း ထူးခြားသောဖြစ်စဉ်များနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များရယူသွားနိုင်မည်ဖြစ်သည်။

ထို့အပြင် ကမ္ဘာမြေနှင့် လူသားတို့အတွက် အကျိုးပြုနိုင်သည့် အာကာသဆိုင်ရာသတင်း အချက်အလက်များကို ရယူထုတ်ပြန်ပေးသွားနိုင်မည်ဖြစ်ကြောင်း နာဆာမှ အာကာသရေးရာ သုတေသနပညာရှင်တစ်ဦးဖြစ်သူ ဘဒရီယိုနက်စ်က ပြောကြားသည်။ ထိုသို့ သတင်းရယူထုတ်ပြန်ရာတွင် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် နာဆာ၏ ဟူဘယ် အာကာသအဝေးကြည့်မှန်ပြောင်းတို့နှင့်လည်း ချိတ်ဆက်မှုများပြုလုပ်ကာ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်သည်။

ယခု ဂြိုဟ်တုလွှတ်တင်မှုသည် နာဆာ၏အာကာသရေးရာလုပ်ငန်းများ ကွန်ရက်သဖွယ်ချိတ်ဆက်မှုကို ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းဂြိုဟ်တုကို အက်လက်စ်ဗွီဒုံးပျံဖြင့် သယ်ဆောင်သွားခြင်းဖြစ်သည်။ နာဆာအနေဖြင့် တီဒီအာအက်စ်ဂြိုဟ်တု အမျိုးအစားအပြင် တီဒီအာအက်စ်-L အမျိုးအစား အာကာသယာဉ်တစ်စင်းကိုထုတ်လုပ်လျက်ရှိပြီး လာမည့် ၂၀၁၄ ခုနှစ်၌ နိုင်ငံတကာအာကာသယာဉ်စခန်းသို့ လွှတ်တင်မည်ဖြစ်သည်။ **(ဆင်ဟွာ)**

ရွက်လှေငယ်ဖြင့် မရပ်မနား ကမ္ဘာပတ်နေသူ ဂိုချောင် ခရီးထက်ဝက်ကို အောင်မြင်စွာဖြတ်သန်းနေ

ကျန်တောင် ဇန်နဝါရီ ၃၁

ကမ္ဘာတစ်ပတ် ရေကြောင်းခရီးကို လှေငယ်တစ်စင်းဖြင့် မရပ်မနား ရွက်လွှင့်ခရီးနှင်လျက်ရှိသည့် တရုတ်နိုင်ငံသား ဂိုချောင်သည် ယခုအခါ ကမ္ဘာ့ရေကြောင်းခရီးစဉ်ထက်ဝက်ကျော်ကို အောင်မြင်စွာ ရွက်လွှင့်နိုင်လျက်ရှိကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။ **(ယာပုံ)**

ဂိုချောင်သည်ယခုအခါအာဂျင်တီးနားနိုင်ငံ အရှေ့ဘက် ကိုရိုနယ်ရိုဆာလီဆိပ်ကမ်းအနီး ရေကြောင်းပြဗော်ယာတစ်ခုအနီးသို့ ဇန်နဝါရီ ၂၈ ရက်က ရောက်ရှိလာခဲ့သည်။ ယင်းနေရာသည် ဂိုချောင်၏ တစ်ကိုယ်တော်မရပ်မနားရွက်လွှင့်သွားလာမည့် ရေကြောင်းခရီးစဉ်ထက်ဝက်နေရာဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၄ ■

အာကာဟိန်း - ရေးသားသည်

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူမှုယန္တရား

ကျွန်ုပ်တို့ လူမှုအဖွဲ့အစည်းများသည် စက်ရုံ၊ အလုပ်ရုံများနှင့် အတူတူပင်ဖြစ်သည်။ သက်ရှိနှင့် သက်မဲ့သာကွာသည်။ မောင်းနှင်လည်ပတ်ခြင်းတည်းဟူသော ယန္တရားသည် အတူတူပင်ဖြစ်သည်။ စက်ရုံတိုင်းသည် ဆိုင်ရာဆိုင်ရာ စက်ပစ္စည်းတို့အပေါ် အခြေခံလျက် လည်ပတ်မောင်းနှင်နေကြ၏။ ဥပမာအားဖြင့် ဆန်စက်သည် စပါးစေ့မှ ဆန်ဖြူထွက်သည်အထိ အဆင့်ဆင့်ကြိတ်ခွဲထုတ်လုပ်ရ၏။ ဤသည်ပင်လျှင် အဆင့်ဆင့်ထုတ်လုပ်ရခြင်း ယန္တရားပင်ဖြစ်၏။

မည်သည့်ယန္တရားမဆို ယန္တရားတစ်ခုအတွင်းပါဝင်သော စက်ပစ္စည်းအားလုံးကောင်းမွန်ပါမှ ကောင်းစွာလည်ပတ်နိုင်၏။ စက်ယန္တရားအတွင်း ပင်နီယံသွားလေးတစ်ခု သို့မဟုတ် မူလီတစ်လုံး ချွတ်ယွင်းနေပါမူ ထိုစက်သည် ကောင်းစွာလည်ပတ်နိုင်လိမ့်မည်မဟုတ်ပါချေ။ စက်ယန္တရားအတွင်း ပါဝင်သောစက်အားလုံးကောင်းမွန်ပါမှ ကောင်းစွာလည်ပတ်နိုင်ပါမည်။ ထုတ်ကုန်ပစ္စည်းများ ကောင်းစွာထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။

ထိုနည်းလည်းကောင်းပင် ကျွန်ုပ်တို့လူမှုယန္တရားအဖွဲ့အစည်းတို့သည်လည်း အားလုံးညီညွတ်ကြပါမှ ကောင်းမွန်သော လူမှုအသိုက်အဝန်းတစ်ရပ်ကို တည်ဆောက်နိုင်ကြမည်ဖြစ်ပါသည်။ ရှေ့သို့ ခရီးဆက်နိုင်ကြမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်ခြင်း အကြောင်းတရားများဆီသို့ ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါသည်။ လူမှုအဖွဲ့အစည်း (ဝါ) လူမှုယန္တရားအတွင်း တစ်ဦးတစ်ယောက်သည် ရေသာခို၊ စည်းကမ်းဖောက်ဖျက်ကာ ကြိုးစားအားထုတ်မှုလည်းမရှိခဲ့ပါမူ ထိုလုပ်ငန်း ဆက်လက်အောင်မြင် တိုးတက်ကြီးပွားရေးအတွက် အနှောင့်အယှက်ဖြစ်နေပါမည်။ လုပ်ငန်းသည် တိုးတက်သင့်သလောက် မတိုးတက်ဘဲ နှေးကွေးနေမည်ဖြစ်ပါသည်။ မည်သည့်လူမှုအဖွဲ့အစည်းမဆို အားလုံးညီညွတ်ကြပါမှ တိုးတက်အောင်မြင်မည်ဖြစ်ပါသည်။ လုပ်ကိုင်ဖော်ဆောင်နေသော လုပ်ငန်းများ အထမြောက် ပြီးစီးနိုင်ပါသည်။ ရှေ့သို့ အနာဂတ်ခရီး လက်တွဲဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ လူမှုအဖွဲ့အစည်းတိုင်း ညီညွတ်မှ တိုးတက်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ လူမှုအဖွဲ့အစည်းအသီးသီးအနေဖြင့် အောင်မြင်တိုးတက်လိုကြလျှင် ညီညွတ်ကြရပါမည်။ အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကြိုးစားအားထုတ်ကြရပါမည်။ စက်ရုံတစ်ရုံသည် စက်ယန္တရားစနစ်တစ်ခုလုံးကောင်းမှ ကောင်းစွာလည်ပတ်နိုင်ပါသည်။ လူမှုအဖွဲ့ လူမှုယန္တရားသည်လည်း အားလုံးကောင်းမှ တိုးတက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။

အမြို့မြို့
အနယ်နယ်ပျံ့သည့် သတင်းစာ
မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ပြည်တွင်းသတင်း

မြန်မာဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်အတွက် လေ့လာမှုပြုလုပ်ရန် ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံနှင့် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာန-အီးအာရ်အိုင်အေ (Economic Research Institute for ASEAN and East Asia-ERIA)တို့ ပူးတွဲဆောင်ရွက်လျက်ရှိသည့် မြန်မာဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက် (Myanmar Comprehensive Development Vision -MCDV) အတွက် လေ့လာမှုပြုလုပ်ရန် လုပ်ငန်းအဖွဲ့များ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော် အမရဟိုတယ်၌ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့က ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက အမှာစကားပြောကြားခဲ့သည်။

MCDV လေ့လာမှု Fast Track Area ကို လေ့လာမှုပြုလုပ်သည့် လုပ်ငန်းအဖွဲ့ ငါးဖွဲ့အနေဖြင့် လွန်ခဲ့သည့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ပထမအကြိမ် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ပြီး လေ့လာတွေ့ရှိချက်များကို ယခုဒုတိယအကြိမ် အစည်းအဝေး၌ ဆွေးနွေးမည်ဖြစ်သည်။ ယခုလေ့လာမှုမှာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် မျှော်မှန်းချက်များ ဖော်ထုတ်ရန်ဖြစ်သည်။

ယင်းဒုတိယအကြိမ် လုပ်ငန်းအဖွဲ့များ၏ ညှိနှိုင်းအစည်းအဝေးတွင် MCDV လေ့လာမှုကို အထောက်အကူဖြစ်စေမည့် Framework for Economic and Social Reforms (FESR) နှင့် National Comprehensive Development Plan (NCDP) တို့ကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် Myanmar Development Resource Institute တို့မှ ဖတ်ကြားတင်ပြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များက လုပ်ငန်းအဖွဲ့ ငါးဖွဲ့ဖြင့် လေ့လာပြုစုထားသည့် Concept of MCDV နှင့် Study of FDI; Agriculture Sector Development ;Rural Development and Poverty Reduction ; Industrial Sector Development နှင့် Infrastructure, Integrated Energy Development ဆိုင်ရာ စာတမ်းများအပေါ် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဂံကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့် ယာဉ်အန္တရာယ်

ထင်သာမြင်သာ ပြုပြင်စရာ

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ နေ့ညမပြတ် ဖြတ်သန်းသွားလာအသုံးပြုမှုအများဆုံး နေရာတစ်ခုဖြစ်သည့် ယခုရွှေပြည်နန်းသနပ်ခါး ပြတိုက်ရှိရာ သီရိပစ္စယာ (၄)လမ်း၌ လမ်းမီးများမရှိခြင်းနှင့် ယာဉ်မဆင်မခြင် မောင်းနှင်မှုများရှိနေခြင်းကြောင့် ယာဉ်အန္တရာယ်ဖြစ်မည်ကို ဒေသခံများစိုးရိမ်နေရကြောင်း သိရသည်။

အဆိုပါလမ်းတွင် ခရီးသွားဧည့်သည်များတည်းခိုရာ ဟိုတယ်အများစုရှိခြင်းကြောင့် ဧည့်သည်များသည် နံနက်ပိုင်းတွင် လေ့လာလည်ပတ်၍ ပြန်လာပြီး ညနေပိုင်းနှင့် ညခင်းပိုင်းတွင် အပန်းဖြေရန် လမ်းလျှောက်ခြင်း၊ စားသောက်ဆိုင်များတွင် ညစာစားသောက်ခြင်း၊ အမှတ်တရပစ္စည်းဆိုင်များတွင် ဈေးဝယ်ထွက်ခြင်းတို့အတွက် အသုံးပြုနေသည့် လမ်းတစ်ခုကဲ့သို့ ဖြစ်နေပြီး ညပိုင်းအချိန်တွင် ပိုမိုစည်ကားကြောင်း သိရသည်။ ယင်းကဲ့သို့ လမ်းတွင် လမ်းမီးတိုင်များမရှိခြင်း၊ စားသောက်ဆိုင်များတွင်လည်း မီးအလင်းအားနည်းနည်းဖြင့် အလှဆင်ရုံ သက်သက်သာ ပြုလုပ်ထားခြင်းကြောင့် လမ်းဘက်သို့ မီးရောင်မကျရောက်ခြင်း၊ ကား၊ ဆိုင်ကယ် မောင်းသူတချို့ကလည်း မဆင်မခြင်အရှိန်ပြင်းစွာ မောင်းနှင်နေခြင်းတို့ကြောင့် ယာဉ်အန္တရာယ် မတော်တဆမှုများဖြစ်စေနိုင်ကြောင်း သိရသည်။

"ဒီလမ်းက FIT ခရီးသွား အများဆုံးလာရောက်တဲ့လမ်းပါ။ လမ်းက မှောင်နေပြီး ဆိုင်ကယ်စီးသူတွေက မဆင်မခြင်မောင်းနေရင်တော့ ယာဉ်အန္တရာယ်က တစ်နေ့မဟုတ် တစ်နေ့ ဖြစ်လာနိုင်တယ်။ သက်ဆိုင်ရာက ကြိုတင်သတိပေး တားမြစ်စေချင်တယ်။ တချို့နိုင်ငံခြားသားတွေက သူတို့နိုင်ငံက ဘယ်ကမောင်းတာဆိုတော့ စက်ဘီးစီးလည်း ဘယ်၊ လမ်းလျှောက်လည်း ဘယ်ဘက်ကပဲ လျှောက်တယ်။ တချို့ကျတော့ ညာက မောင်းတယ်ဆိုတော့ ပိုအန္တရာယ်များတာပေါ့။ ဥပမာ ညာကမောင်းပါဆိုတဲ့ သတိပေးဆိုင်းဘုတ်မျိုး ရှိရင်တော့ ခရီးသွားဧည့်သည်တွေအတွက် ပိုကောင်းလိမ့်မယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

သို့ဖြစ်ရာ အိမ်သာလို့ ဧည့်လာဆိုသကဲ့သို့ မိမိနိုင်ငံသို့ လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များ အန္တရာယ်ကင်းရှင်းစွာ လေ့လာလည်ပတ်နိုင်ရန်အတွက် သက်ဆိုင်ရာများတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းကူညီကြရန်လိုအပ်ပြီး ယာဉ်မောင်းသူများအနေဖြင့် အသိ၊ သတိရှိဆင်ခြင်ကြရန်လိုကြောင်း ရေးသားအပ်ပါသည်။

(ရဲသူရအောင်)

ဘဝအမောပြေ

သုံးယောက်ဖြစ်တော့မယ်

လက်ထပ်ပြီးစ ပူပူနွေးနွေးဇနီးမောင်နှံနှစ်ဦးတွင် ခင်ပွန်းဖြစ်သူ အလုပ်မှပြန်လာချိန်၌ ဇနီးဖြစ်သူက–

ဇနီး ။ ။ ရှင့်ကို သတင်းကောင်းတစ်ခု ပြောပြစရာရှိတယ်။ ကျွန်မတို့အိမ်မှာ ကျွန်မတို့နှစ်ယောက်တည်း မဟုတ်တော့ဘူး။ သုံးယောက်ဖြစ်လာတော့မှာရှင့်။

ခင်ပွန်း။ ။ (ခုန်ပေါက်ပျော်မြူးလျက်) ဟေး. . . . ဒါဆို ကမ္ဘာပေါ်မှာ အပျော်ဆုံးလူကတော့ ငါကွ။

ဇနီး ။ ။ ရှင်အဲဒီလိုပျော်နေတာမြင်ရတော့ ကျွန်မဝမ်းသာပါတယ်။ မနက်ဖြန် မနက် ကျွန်မမေမေ ကျွန်မတို့နဲ့အတူတူနေဖို့ ပြောင်းလာတော့မယ်လေ။

ခင်ပွန်း။ ။ 'ဘာကွ'

MMH-ရေးသားသည်

ကုန်သည် / စက်မှုအသင်းချုပ် ဘာသာရပ်ဆိုင်ရာဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပုဂ္ဂလိကကဏ္ဍမှ အသိပညာနှင့် သတင်းအချက်အလက်များ ရရှိစေရေးတို့အတွက် ဆရာဦးအေးကျော် (MHR) က Corporate Governance in Public Limited Companies (အများပိုင်ကုမ္ပဏီများအတွက် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေး သည်အသက်

ပြည်တွင်းသတင်း

● ***ရှေ့ဖုံးမှ***

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ကျွန်တော်ပြောကြားခဲ့သည့် အဆင်းရဲဆုံး LDC နိုင်ငံများစာရင်းမှ ရုန်းထွက်နိုင်အောင် ဆောင်ရွက်မည်ဆိုတဲ့ ကိစ္စရပ်နှင့် ပတ်သက်၍ ပထမခြေလှမ်းအဖြစ် ရရှိနေပြီဖြစ်တဲ့ တိုးတက်မှုဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ရရှိလာမယ့် နိုင်ငံတကာချေးငွေ အကူအညီတွေကို ပြည်သူ့အကျိုးစီးပွားအတွက် ပွင့်လင်းမြင်သာမှုရှိရှိ အသုံးပြုသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ မြန်မာနိုင်ငံစီးပွားရေးခေတ်သစ်တစ်ခုကို ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဦးမော့လာစေဖို့နဲ့ ဆင်းရဲမှုလျှော့ချရေးတွေမှာ အလွန်အရေးပါတဲ့ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းများကိုလည်း အားပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းများကို မြေတောင်မြှောက်ပေးနိုင်ဖို့အတွက် အသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီတို့ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ အသေးစားနဲ့ အလတ်စားလုပ်ငန်းများအတွက် လိုအပ်မယ့်နည်းပညာ၊ အရင်းအနှီး၊ အကြံဉာဏ်တွေကို နိုင်ငံတကာက လုပ်ငန်းတွေနဲ့ ချိတ်ဆက်လုပ်ဆောင်မှုများ စတင်နေပြီဖြစ်ပါတယ်။ ယခုလည်း လိုအပ်သောချေးငွေများကို အသေးစား၊ အလတ်စား စက်မှုဖွံ့ဖြိုးရေးဘဏ်မှ စတင်ထုတ်ချေးမှုများ ပြုလုပ်ပေးနေပြီဖြစ်ပါတယ်။ တစ်စတစ်စ ပိုပြီး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထို့အတူ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ငွေကြေးနှင့် လိုအပ်သောအထောက်အပံ့များရရှိစေရန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် ၁၉-၁-၂၀၁၂ ရက်နေ့မှာ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များကို ဖိတ်ခေါ်ပြီး အစိုးရအဖွဲ့နဲ့အတူ ပြည်တွင်းပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များပါဝင်တဲ့ ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ကျင်းပနိုင်ခဲ့ပြီး စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်နဲ့ပတ်သက်လို့ ဝိုင်းဝန်းဆွေးနွေးအကြံဉာဏ်များ ရယူနိုင်ခဲ့ပါတယ်။ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ထိရောက်ဖို့အတွက် နေပြည်တော် သဘောတူညီချက်ကိုလည်း သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ကျွန်တော်တို့အစိုးရအနေနဲ့ ဆင်းရဲမှုလျှော့ချရေးနဲ့ပတ်သက်လို့ အကောင်အထည်ဖော်နေတဲ့ ကိစ္စတွေလည်းရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ပြည်သူအများစုဟာ စားဝတ်နေရေးအတွက် တစ်ဘဝလုံးပင်ပန်းကြီးစွာ ရုန်းကန် ဆောင်ရွက်ကြရပါတယ်။ ဒါပေမယ့် မိမိနဲ့ မိမိရဲ့မိသားစုကို နွေးထွေးလုံခြုံစေမယ့် ကိုယ်ပိုင်အိမ်တစ်လုံးကိုတောင်မှ မပိုင်ဆိုင်နိုင်ဘဲ ချို့တဲ့စွာနေထိုင်ရတဲ့ အခြေအနေမျိုးတွေရှိနေပါတယ်။ ဒီလိုအိမ်ပိုင်ယာပိုင်မရှိတဲ့ အခြေအနေမျိုးတွေကို လွန်မြောက်စေဖို့အတွက် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကိုလည်း ရန်ကုန်မြို့တစ်ဝိုက်မှာ စတင်စီမံဆောင်ရွက်နေပြီဖြစ်ပါတယ်။ တခြားပြည်နယ်နဲ့ တခြားမြို့နယ်များမှာလည်း တန်ဖိုးနည်းအိမ်ရာများကို ဆက်လက်ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံရဲ့ အဓိကလုပ်သားအင်အားအများစုဖြစ်တဲ့ တောင်သူလယ်သမားများကိုလည်း အမတော်ကြေး စိုက်ပျိုးစရိတ် လယ်တစ်ဧကကို ကျပ် ၈၀၀၀၀ ကနေ ကျပ် ၁၀၀၀၀၀ နှုန်းအထိ တိုးမြှင့်ထုတ်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ယာတစ်ဧကကိုလည်း ကျပ် ၁၀၀၀၀ ကနေ ကျပ် ၂၀၀၀၀ နှုန်းအထိ တိုးမြှင့်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုတိုးမြှင့်ပေးနိုင်ခဲ့ပေမယ့်လည်း အမှန်တကယ်လိုအပ်မည့် စိုက်ပျိုးစရိတ်အတွက် ပြည့်မီနိုင်ခြင်းမရှိတာကို သတိပြုမိပါတယ်။ တည်ဆဲဥပဒေများအရ လယ်ယာမြေပိုင်ဆိုင်ခွင့်များကို ခွင့်ပြုထားပြီဖြစ်တဲ့အလျောက် မိမိတို့ရဲ့လယ်ယာမြေများကို အာမခံထား၍ လိုအပ်တဲ့စိုက်ပျိုးစရိတ်အရင်းအနှီးများ ချေးယူစုဆောင်းနိုင်တဲ့ အခွင့်အလမ်းများ ရရှိစေရန် လယ်ယာမြေပိုင်ဆိုင်မှုမှတ်ပုံတင်လုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။ လယ်ယာလုပ်ကိုင်သူ လယ်သမားထုကြီးကို မိမိအနေနဲ့ တိုက်တွန်းလိုတာကတော့လည်း ပွင့်လင်းလွတ်လပ်လာတဲ့ဈေးကွက်နှင့် လိုက်လျောညီထွေရှိမည့် ငွေကြေးစီမံခန့်ခွဲမှုနည်းလမ်းသစ်များနှင့်အခွင့်အလမ်းတွေကို အမိအရဆုပ်ကိုင် ကြိုးပမ်းလုပ်ကိုင်ကြရန်ဖြစ်ပါတယ်။ မိမိတို့၏ အဓိကကုန်ထုတ်အရင်းအနှီးဖြစ်တဲ့ လယ်ယာမြေများ တန်ဖိုးမြင့်တက်လာရန်လည်း မိမိတို့၏ လယ်မြေများကို ပြုပြင်ကြစေလိုပါတယ်။ ရေတိုစီမံခန့်ခွဲမှုများဖြင့် မိမိတို့၏ ကုန်ထုတ်အရင်းအနှီးဖြစ်တဲ့ လယ်မြေများဆုံးရှုံးမှုမရှိရန်ကိုလည်းသတိပြုဆောင်ရွက်ကြရန် တိုက်တွန်းလိုပါတယ်။ တစ်ဆက်တည်းမှာပင် လယ်ယာကဏ္ဍကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တိုးတက်စေမယ့် ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ်သို့ တက်လှမ်းနိုင်ရန် ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

ယခုနိုင်ငံရေးဖြစ်ထွန်းမှုဟာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုအားလုံးက ကဏ္ဍအသီးသီးကနေ အားလုံးပူးပေါင်းဆောင်ရွက်မှုတွေကြောင့်ဆိုတာ ငြင်းလို့မရပါဘူး။ ဒီမိုကရေစီဆိုတာဟာ ရွေးကောက်ပွဲတွေကျင်းပရုံနဲ့ မလုံလောက်ပါဘူး။ အသိအမြင်ကြွယ်ဝတဲ့ ပြည်သူလူထုတစ်ရပ်လုံးက ပြည်သူတို့ဘဝအတွက် ရွေးချယ်မှုတွေကို ဖိနှိပ်မှု၊ ချုပ်ချယ်မှုတွေမရှိဘဲ ဆုံးဖြတ်နိုင်ခြင်းပဲဖြစ်ပါတယ်။ ဒီနေရာမှာ သိပ်သည်းကျစ်လျစ်၍ စည်းကမ်းရှိတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ပေါ်ပေါက်လာဖို့လည်း အလွန်အရေးကြီးပါတယ်။

ကျွန်တော်တို့အစိုးရရဲ့ ရည်မှန်းချက်ကတော့ ခေတ်အဆက်ဆက်မှာအရေးပါတဲ့အခန်းကဏ္ဍမှာရှိခဲ့တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ပြန်လည်အားကောင်းလာဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားဖို့ပဲ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ အားကောင်းလာဖို့က နိုင်ငံသားတစ်ဦးချင်းစီမှာလည်း တာဝန်ရှိပါတယ်။ ကျွန်တော့်အနေနဲ့အားလုံး ပူးပေါင်းပါဝင်တဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ်တစ်ခု စနစ်တကျ ဖြစ်ပေါ်လာစေဖို့အတွက် ၂၀-၁-၂၀၁၂ ရက်နေ့က လူထုအခြေပြု အရပ်ဘက်လူ့အဖွဲ့အစည်းများနဲ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာ တွေ့ဆုံခဲ့ပါတယ်။ ၂၇-၁-၂၀၁၂ ရက်နေ့ကလည်း သက်ဆိုင်ရာ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ကျွန်တော်တို့အစိုးရအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးများနှင့်လည်း စားပွဲဝိုင်းဆွေးနွေးမှုများကို စတင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံမှုတွေကနေအစပြုပြီး ပြည်ထောင်စုအဆင့်၊ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်ကစလို့ အစိုးရယန္တရားအဆင့်ဆင့်မှာ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ ပြည်သူလူထုတွေပါဝင်တဲ့ အုပ်ချုပ်မှုဖြစ်စဉ်ကို အကောင်အထည်ဖော်နိုင်မယ်လို့ ယုံကြည်ပါတယ်။

တစ်ဆက်တည်းမှာပင် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးများ အောင်မြင်စေဖို့အတွက် နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်မှုတို့ကိုလည်း အလေးထားဆောင်ရွက်ရမယ့် အချိန်ကာလလည်းဖြစ်ပါတယ်။ ယခုဖြစ်ပွားနေတဲ့ ပဋိပက္ခတွေရဲ့အကျိုးဆက်တွေကြောင့် ပျက်စီးဆုံးရှုံးမှုတွေ ပဋိပက္ခ ဖြစ်ပွားရာ ဒေသများက ပြည်သူအများစု ခံစားနေရတဲ့ စိတ်ဒဏ်ရာ နာကျင်မှုတွေဟာလည်း မိမိတို့လူ့အဖွဲ့အစည်းရဲ့ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပါတယ်။ မိမိတို့အစိုးရအနေနဲ့ ပဋိပက္ခဖြစ်ပွားရာဒေသတွေက တိုင်းရင်းသားညီအစ်ကိုများအားလုံးအတွက် လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေ ထိရောက်စွာပေးနိုင်ဖို့ အသင့်ပြင်ဆင်လုပ်ကိုင်လျက်ရှိပါတယ်။ သင့်တော်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း ဆုံးရှုံးနစ်နာမှုများ ရပ်ဆိုင်းနိုင်ဖို့နဲ့ အများပြည်သူ လိုလားတောင့်တနေကြတဲ့ စစ်မှန်သော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ မိမိတို့အားလုံး စားပွဲဝိုင်းမှာ ဆွေးနွေးညှိနှိုင်းပြီး အဖြေရှာရမယ့် အချိန်အခါကို ကျရောက်နေပြီဖြစ်ပါတယ်။ ဒ့ါကြောင့် သက်ဆိုင်တဲ့လူ့အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များအားလုံး စားပွဲဝိုင်းသို့လာရောက်ပြီး ဆွေးနွေးညှိနှိုင်းကြရန် ကျွန်တော့်အနေနဲ့ အလေးအနက် တိုက်တွန်းအပ်ပါတယ်။ မိမိတို့ ကြိုးပမ်းတည်ဆောက်လျက်ရှိတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဟာ သိမ်မွေ့စွာကိုင်တွယ်ရမယ့်၊ ထိလွယ်ရှလွယ် အဆင့်ကို ရောက်ရှိနေပြီဖြစ်တဲ့အတွက် တိုက်ရိုက်ပါဝင်ကြိုးပမ်းလုပ်ဆောင်နေသူများနဲ့ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ တညီတညွတ်တည်း သဘောထားကြီးကြီးနဲ့ ရုန်းကန်လုပ်ကိုင်မှသာ ဒီအကျပ်အတည်းကို ကျော်လွှားအောင်မြင်နိုင်မှာဖြစ်ကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ အလေးအနက်ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်ပြောချင်တာကတော့ ယခုအချိန်အခါဟာ ကျွန်တော်တို့နိုင်ငံအတွက် အခက်အခဲတွေ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့အချိန်ဖြစ်ပြီး တစ်ချိန်တည်းမှာပဲ နှစ်ပေါင်းခြောက်ဆယ်ကျော်ကာလအတွင်းမှာ မရဖူးသေးတဲ့ အခွင့်အလမ်းတွေကိုလည်း ရရှိနေပါတယ်။ ပြည်သူတစ်ရပ်လုံးဟာ ကျွန်တော်တို့နဲ့အတူ ဒီအခက်အခဲတွေကို ဝိုင်းဝန်းကျော်ဖြတ်ကြဖို့ တိုက်တွန်းပြောကြားချင်ပါတယ်။ မကြာခင်မှာ ကျရောက်တော့မယ့် (၆၅) နှစ်မြောက် မြန်မာနိုင်ငံရဲ့ ပြည်ထောင်စုနေ့မှာ ကျွန်တော်တို့ တစ်မျိုးသားလုံး စုစည်းခဲ့တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ပြန်လည်နှိုးဆွပြီး ပြည်သူတစ်ဦးချင်းစီအနေနဲ့ နိုင်ငံတည်ဆောက်ရေးမှာ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံနိုင်ကြပါစေ။

စည်ပင်သာယာရေး ရန်ပုံငွေ လွှဲပြောင်းပေးအပ်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ်အတွင်း ပုဂ္ဂလိကကဏ္ဍစည်ပင်သာယာအတွက် ဝင်ငွေခွန် ငါးရာခိုင်နှုန်းကောက်ခံရငွေအား လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဗဟန်းမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမင်းနိုင်ထွန်းက စည်ပင်သာယာအတွက် ဝင်ငွေခွန် ငါးရာခိုင်နှုန်းကောက်ခံရငွေဖြစ်သည့် ငွေကျပ် ၁၆၁၃၇၉၀၀၀အား မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဇော်လွင်အောင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(ယာပုံ) (ပြည်တွင်းအခွန်)

လက်ကားကုန်စည်ဒိုင် အလုပ်ရုံဆွေးနွေးမည်

ရန်ကုန် ဇန်နဝါရီ ၃၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ ပူးပေါင်း၍ လက်ကားကုန်စည်ဒိုင်များ၏ လက်ရှိတွေ့ကြုံနေရသော အခက်အခဲများ၊ အနာဂတ်ကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် အဌမအကြိမ် လက်ကားကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower ၌ ကျင်းပမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ကုန်သည်/စက်မှုအသင်းများနှင့် လက်ကား ကုန်စည်ဒိုင်များမှ ကိုယ်စားလှယ်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ **(သတင်းစဉ်)**

ရာဇာမင်းစရိုးသည်သယ်ယူပို့ဆောင်ရေး

ကလေး — မုံရွာ — နေပြည်တော် — ရန်ကုန်

ခရီးစဉ်သစ်ကို ရန်ကုန်မြို့မှ ၃-၂-၂၀၁၂ နေ့မှစ၍ နေ့စဉ် ညနေ (၅:၀၀)နာရီတိတိတွင် အောင်မင်္ဂလာကားဝင်း၊ အမှတ်-က-၉၊ က-၁၀ မှ ၄င်း၊ ကလေးမြို့တပ်ဦးသီတာရုံ၊ နယ်မြေ (၁၀) ဗေဒါလမ်း၊ ကားကြီးကွင်းမှ ၃-၂-၂၀၁၃မှစ၍ နေ့စဉ် နေ့လည် (၁၂:၀၀)နာရီတိတိတွင် ၄င်း၊ ကလေး - မုံရွာ - နေပြည်တော် - ရန်ကုန် ခရီးစဉ်သစ်ကို ခေတ်မီ Air-con လေအိတ်ကားကြီးများဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း မိတ်ဟောင်း၊ မိတ်သစ်များအား ကြိုတင် အသိပေးအပ်ပါသည်။

ကလေး — ရန်ကုန်	ခရီးစဉ်	ယာဉ်စီးခနှုန်း —	၂၅၀၀၀ ကျပ်
မုံရွာ — ရန်ကုန်	ခရီးစဉ်	ယာဉ်စီးခနှုန်း —	၁၀၀၀၀ ကျပ်
မုံရွာ — နေပြည်တော်	ခရီးစဉ်	ယာဉ်စီးခနှုန်း —	၆၀၀၀ ကျပ်

ပင်ရင်းဂိတ်များ နှင့် ဂိတ်ခွဲများအားလုံးတွင် ယခုသတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူအားပေးနိုင်ပါသည်။

မှတ်ချက်

အထက်ပါခရီးစဉ်သစ်ကို ရန်ကုန်မြို့၊ အမှတ်-၈၇၀၊ ရတနာလမ်း၊ ဆ/ခရုပ်ကွက်သယ်နီကွင်း (တောင်ဥက္ကလာပ) မှ နေ့စဉ် ညနေ (၄:၀၀)နာရီတိတိတွင် ထွက်ခွာပါမည်

ကျေးဇူးတင်စွာဖြင့်
ရာဇာမင်းစရိုးသည် သယ်ယူပို့ဆောင်ရေး

GOLDEN PASS
TRAVELS & TOURS CO.,LTD.

ရွှေလက်မှတ် (အိန္ဒိယ+နီပေါ) မဇ္ဈိမဒေသဘုရားဖူးအဖွဲ့

Grand Palace, Emerald Buddha
Dream World, Coral Island,
Alazcar Gay Show,
Nong Nooch Tropical,
Shopping Centers

ရန်ကုန်စီးပွားရေးတက္ကသိုလ် MPA Network Seminar

Professor Dr. Aung Tun Thet
Civil Service Reform
Professor Dr. P S Kim(Korea)
Global Trends of Administrative Modernization

MPA\EMPA

ကျင်းပမည့်နေရာ -UMFCCI

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်အောင်သူ ၁၂/ဥကတ (နိုင်)၁၆၁၇၄၉၏ နိုင်ငံကူးလက်မှတ်အမှတ် A-၃၁၉၅၅၄မှာ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၀၁၅၂၃၀၁၂

နိုင်ငံတကာသတင်း

အင်ဒိုနီးရှားရှိ တိုယိုတာစက်ရုံထုတ်ကားများ ၂၀၁၂ ခုနှစ်၌ ပြည်ပသို့ စံချိန်တင်ပို့

ဂျကာတာ ဇန်နဝါရီ ၃၀

အင်ဒိုနီးရှားနိုင်ငံရှိ ဂျပန်တိုယိုတာကားထုတ်လုပ်ရေးစက်ရုံသည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အစောပိုင်းက ပြည်ပသို့ထုတ်လုပ်တင်ပို့သည့် ကားအစီးရေ ၃၈၃၄၁ စီးမှ ၆၁၈၉၀ စီးအထိရှိခဲ့ပြီး ပြည်ပကားတင်ပို့မှုမှာ ၆၁ ဒသမ ၄၂ ရာခိုင်နှုန်းစံချိန်မြင့်တက်ခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိတစ်ဦး၏ပြောကြားချက်ကို ဇန်နဝါရီ ၃၁ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဓိကအားဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ ကားဝယ်လိုအားမြင့်မားလာခြင်းကြောင့် ထိုသို့ကား အစီးရေအမြောက်အမြားတင်ပို့နိုင်ခြင်းဖြစ်သည်ဟု အဆိုပါစက်ရုံ၏ပြည်ပဆက်ဆံရေးဆိုင်ရာဌာနခေါင်းဆောင် အီဝမ်ပရီရန်တိုကိုက ပြောကြားခဲ့သည်။

ယင်းတိုယိုတာကားစက်ရုံသည် အာရှပစိဖိတ်၊ အရှေ့အလယ်ပိုင်း၊ တောင်အမေရိကနှင့် တောင်အာဖရိကတို့မှ နိုင်ငံပေါင်း ၁၇ နိုင်ငံတို့ရှိ ဈေးကွက်များကို အဓိကမှီခိုအားထားနေခြင်းဖြစ်ကြောင်း ပရီယန်တိုကိုက ဆက်လက်ပြောကြားသည်။

၎င်းအင်ဒိုနီးရှား တိုယိုတာကားစက်ရုံမှ စုစုပေါင်းကားအစီးရေ ၁၅၄၈၇၅ စီးထုတ်လုပ်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်အတွင်းက ထုတ်လုပ်သည့် ကားအစီးရေ ၁၀၅၈၀၂ စီးနှင့်နှိုင်းယှဉ်လျှင် ၄၆ ဒသမ ၃၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ၎င်း၏ အွန်လိုင်းထုတ်ပြန်ချက်အရသိရသည်။

အဆိုပါစက်ရုံသည် တစ်နှစ်လျှင် ကားအသစ်စီးရေ ၁၈၀၀၀၀ ထုတ်နိုင်စွမ်းရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ရှိ ဘူတာရုံ၌ ရထားလမ်းချော်မှုဖြစ်ပွား၊ ၁၄ ဦးဒဏ်ရာရ

ဘရစ္စဘိန်း ဇန်နဝါရီ ၃၁

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ရှိ ကလီဗီလန်ရထားဘူတာရုံတွင် ဇန်နဝါရီ ၃၁ ရက် နံနက်က ခရီးသည်တင်ရထားတစ်စင်း လမ်းချော်မှုကြောင့် ခရီးသည် ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ရထားလမ်းချော်မှုသည် ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၄၀ ခန့်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူ ၁၄ ဦးကို ဆေးဘက်အကူများက ဖြစ်ပွားသည့်နေရာတွင် အရေးပေါ်ဆေးဝါးကုသပြီး အခြား ၁၀ ဦးကို နောက်ထပ်ဆေးစစ်မှုခံယူရန်အတွက် ရက်လန်းဆေးရုံသို့ ခေါ်ဆောင်သွားခဲ့ကြောင်း ကွင်းစလန်လူနာစောင့်ရှောက်ရေးအဖွဲ့က ပြောကြားသည်။

ဝင်ရောက်တိုက်

ခရီးသည် ၁၃ ဦး၊ရထားမောင်းသူနှင့် ရထားတွဲစောင့်တစ်ဦးတို့ရှိနေသည့် ရထားရှေ့ခေါင်းတွဲသည် လမ်းချော်မှုဖြစ်ပွားပြီး ဘူတာရုံပလက်ဖောင်းနှင့်သန့်စင်ခန်းများအတွင်းသို့ ဝင်ရောက်တိုက်ခဲ့ခြင်းဖြစ်ကြောင်း ဩစတြေးလျသတင်းထုတ်ပြန်ရေးအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

အမျိုးသမီးတစ်ဦးမှာ သန့်စင်ခန်းအတွင်း ပိတ်မိနေခဲ့ကြောင်း၊ သို့သော်လည်း ဒဏ်ရာရရှိမှုမရှိဘဲ ကယ်ဆယ်နိုင်ခဲ့သည်ဟုဆိုသည်။ ယင်းရထားလမ်းချော်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

ပြင်သစ်သမ္မတ ဟော်လန်

ပြင်သစ်သမ္မတဟော်လန် အိန္ဒိယသို့ အလည်အပတ်ခရီးသွားမည်

နယူးဒေလီ ဇန်နဝါရီ ၃၁

ပြင်သစ်သမ္မတ ဟော်လန်သည် လာမည့်လ၌ အိန္ဒိယနိုင်ငံသို့ အလည်အပတ်ခရီးလာရောက်မည်ဖြစ်ကြောင်း အိန္ဒိယမီဒီယာများက ဇန်နဝါရီ ၃၁ ရက်တွင် ဖော်ပြသည်။

ပြင်သစ်သမ္မတသည် နှစ်ရက်ကြာအလည်အပတ်ခရီးအဖြစ် နယူးဒေလီနှင့်မွမ်ဘိုင်းမြို့များသို့ ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်ကာ အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်တန်ဖိုးရှိသော ဘက်စုံသုံးတိုက်လေယာဉ်များနှင့်ပတ်သက်ပြီး စာချုပ်ချုပ်ဆိုရန် အစီအစဉ်ရှိသည်။

ပြင်သစ်သမ္မတဟော်လန်သည် အလည်အပတ်ခရီးစဉ်အတွင်း နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရန် တွေ့ဆုံဆွေးနွေးမှုများ နှစ်ဦးနှစ်ဖက်ပြုလုပ်သွားရန်လည်းရှိနေသည်။ ထိုသို့ နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရန် အာရီဗာကုမ္ပဏီနှင့်နောက်ဆုံးအဆင့် ဆွေးနွေးမှုများလည်း ပြုလုပ်ရန်ရှိသည်။

သို့သော် ပြင်သစ်သမ္မတဟော်လန်၏ အိန္ဒိယခရီးစဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို အိန္ဒိယအရာရှိများက သတင်းထုတ်ပြန်ခြင်းမရှိသေးကြောင်း သတင်း၌ဖော်ပြသည်။ **(ဆင်ဟွာ)**

အမေရိကန်ပတ်ထရီရော့ဒုံးခွင်းဒုံးစနစ်နှစ်ခု တူရကီတောင်ပိုင်းဆိပ်ကမ်းသို့ ရောက်ရှိ

အင်ကာရာ ဇန်နဝါရီ ၃၁

အမေရိကန်နိုင်ငံက ပို့ဆောင်လိုက်သည့်ပတ်ထရီရော့ဒုံးခွင်းဒုံးစနစ်နှစ်ခုသည် တူရကီနိုင်ငံတောင်ပိုင်းဆိပ်ကမ်းသို့ ဆိုက်ရောက်လာကြောင်း ဇန်နဝါရီ ၃၁ ရက်တွင် ပရက်စ်တီဗွီသတင်းတစ်ရပ်၌ ဖော်ပြသည်။ (ယာပုံ)

မြေပြင်မှဝေဟင်ပစ် အဆိုပါဒုံးခွင်းဒုံးများကိုသယ်ဆောင်လာသော အမေရိကန်ရေယာဉ်သည် ဇန်နဝါရီ ၃၀ ရက်က တူရကီတောင်ပိုင်း အိုင်စကင်ဒါရမ်ဆိပ်ကမ်းသို့ဆိုက်ကပ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းဒုံးခွင်းဒုံးစနစ်များကို ဆီးရီးယားနယ်စပ်အနီး ဖြန့်ကြက်ချထားမည်ဖြစ်သည်။ ဇန်နဝါရီ ၂၈ ရက်က ဂျာမနီပတ်ထရီရော့အမြောက်တပ်စုနှစ်စုကို ဆီးရီးယားနယ်စပ်မှ ကီလိုမီတာ ၁၀၀ ခန့်အကွာရှိ တူရကီအရှေ့တောင်ပိုင်း ခါရာမန်မာရတ်စ်မြို့တွင် ဖြန့်ကြက်ချထားပြီး လုပ်ငန်းပိုင်းဆိုင်ရာများ ဆောင်ရွက်လျက်ရှိပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

နယ်သာလန်ကလည်း ၎င်း၏ပတ်ထရီရော့အမြောက်တပ်စုနှစ်စုကို တူရကီတောင်ပိုင်း အဒါနာမြို့အနီး၌ ဇန်နဝါရီ ၂၆ ရက်က ဖြန့်ကြက်ထားခဲ့ပြီးဖြစ်သည်။ ဆီးရီးယားဒုံးကျည်တိုက်ခိုက်မှုများမှ တူရကီအား ကာကွယ်ရန်အတွက် အမြောက်တပ်စုခြောက်စုကို ဖြန့်ကြက်ချထားမည့် အစီအစဉ်ကို နေတိုးအဖွဲ့က ၂၀၁၂ ခုနှစ် နိုဝင်ဘာလက ထုတ်ပြန်ကြေညာထားခဲ့ခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင် – စုစည်းသည်

ဂျပန်ရေပိုင်နက်အတွင်း မဝင်ရောက်ရန် တရုတ်ပိုင်သင်္ဘောသုံးစင်းအား သတိပေး

တိုကျို ဇန်နဝါရီ ၃၁

အရှေ့တရုတ်ပင်လယ်အတွင်းရှိ စင်ကာကူကျွန်းတစ်ဝိုက်တွင် ခုတ်မောင်းနေသော တရုတ်နိုင်ငံပိုင်သင်္ဘောသုံးစင်းကို ဂျပန်ရေပိုင်နက်အတွင်း မကျူးကျော်ရန် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က သတိပေးပြောကြားလိုက်သည်။

တရုတ်နိုင်ငံပိုင် ရေကြောင်းစောင့်ကြည့်ရေးသင်္ဘောသုံးစင်းသည် စင်ကာကူကျွန်းများထဲမှ တစ်ခုဖြစ်သော ကူဘူရှီးမားကျွန်း၏ မြောက်ဘက်နှင့်အနောက်မြောက်ဘက် ၄၂ ကီလိုမီတာအကွာတွင် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက သွားလာနေသည်ကို မြင်တွေ့ခဲ့ရသည်ဟု ဂျပန်ကမ်းခြေစောင့် တပ်ဖွဲ့ဝင်အရာရှိများက ပြောကြားသည်။

အဆိုပါ သင်္ဘောများသည် ဇန်နဝါရီ ၂၈ ရက်ကတည်းက ဝင်ရောက်လာပြီး ဆက်လက်ရှိနေခြင်းဖြစ်ကြောင်း၊ ဇန်နဝါရီ ၃၀ ရက်က ဂျပန်ရေပိုင်နက်အတွင်း မိနစ် ၉၀ ခန့်ကျူးကျော်ဝင်ရောက်ခဲ့ဖွယ်ရှိကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များက ထပ်မံပြောကြားခဲ့သည်။ **(အင်န်အိပ်ချ်ကေ)**

အာမေးနီးယားသမ္မတ ပြန်လည်ရွေးကောက်ခံရဖွယ်ရှိ

ရာရီဗန် ဇန်နဝါရီ ၃၁

အာမေးနီးယားသမ္မတ ဆာ့ရ်ဆာအာဂျီစယန်သည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ပြန်လည်ရွေးကောက်တင်မြှောက်ခံရဖွယ်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဇန်နဝါရီ ၃၁ ရက်က ဖော်ပြသည်။

ဆန္ဒမဲပေးသူများ၏ ၆၆ ရာခိုင်နှုန်းထောက်ခံမှုရရှိထားသည့် သမ္မတဆာအာဂျီစယန်သည် သမ္မတရွေးကောက်ပွဲတွင် ထိပ်ဆုံးမှရပ်တည်နေသည်။ ယခင်နိုင်ငံခြားရေးဝန်ကြီး ရာဖီဟိုဗက်ဟန်နီစယန်က ထောက်ခံမှု ၁၀ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရှိနေသည်။

တတိယနေရာတွင် ယခင်ဝန်ကြီးချုပ်ဖြစ်သူ ဟာရန့်ဘာဂရာတီယန်က လေးရာခိုင်နှုန်းဖြင့် ရပ်တည်နေသည်။ **(ဆင်ဟွာ)**

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း၌ မီးတောင်ပေါက်ကွဲ

ဂျကာတာ ဇန်နဝါရီ ၃၁

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း မြောက်ဆူလာဝေစီပြည်နယ်ရှိ လိုကွန်မီးတောင်ကြီးသည် ဇန်နဝါရီ ၃၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီး မီးခိုးများ ဝေဟင်အထက် မီတာ ၈၀၀ အမြင့်အထိ ပျံ့လွင့်ရောက်ရှိခဲ့ကြောင်း အမျိုးသားမီးတောင်လေ့လာရေးအဖွဲ့အကြီးအကဲ ဆူရိုနိုက ပြောကြားခဲ့သည်။

အဆိုပါမီးတောင်ကြီးသည် ယင်းနေ့နံနက် ဒေသစံတော်ချိန် ၆ နာရီ ၅၆ မိနစ်က ပထမဆုံးပေါက်ကွဲခဲ့ပြီး မီးခိုးနှင့်ပြာမှုန်များ ဝေဟင်အထက် မီတာ ၈၀၀ အထိ ရောက်ရှိခဲ့ကြောင်း၊ ယင်းနေ့နံနက် ၁၀ နာရီ ၄၄ မိနစ်၌ တစ်ကြိမ် ဒုတိယတစ်ကြိမ်ထပ်မံပေါက်ကွဲခဲ့ပြီး မီးခိုးများဖုံးလွှမ်းနေမှုကြောင့် ပြာမှုန်များ၏အမြင့်ကို လေ့လာစောင့်ကြည့်၍မရရှိခဲ့ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ **(ဆင်ဟွာ)**

Naung Yoe Technologies Co.,Ltd. တွင်
တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းများအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Software Programmer ကျား/မ ၅ ဦး
B.Sc, Programming ရေးသားနိုင်သူ/စိတ်ဝင်စားသူဖြစ်ရမည်။

၂။ Network Administrator ကျား/မ ၅ ဦး
B.C.Sc, B.C.Tech, Any Graduate ရရှိပြီးသူဖြစ်ရမည်။

၃။ Technician ကျား/မ ၇ ဦး
B.E, B.Tech, AGTI(EC, EP, IT) Diploma တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

၄။ Engineering Manager ကျား/မ ၂ ဦး
B.E, M.E ဘွဲ့ရဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံးငါးနှစ်ရှိရမည်။

လျှောက်ထားလိုသူများသည် CV Form၊ ဓာတ်ပုံတစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း၊ ပညာအရည်အချင်းအထောက်အထားတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း အမှတ် ၉၂၊ သီရိရတနာအဆင့်မြင့်ဈေး၊ နေပြည်တော်သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ ဖုန်း-၀၆၇-၄၂၁၂၄၄၊ ၄၂၁၂၅၅

ပြည်တွင်းသတင်း

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့်
ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးသိန်းအောင် ညွှန်ကြားရေးမှူးချုပ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြန်ကြားရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန
(ခ)	ဦးတင့်ဆွေ ညွှန်ကြားရေးမှူးချုပ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြန်ကြားရေးဝန်ကြီးဌာန
(ဂ)	ဦးရဲတင့် ဦးဆောင်ညွှန်ကြားရေးမှူး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန
(ဃ)	ဦးအောင်မျိုးမြင့် ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပြည်သူလူထုထံ အသိပေးအကြောင်းကြားခြင်း

၁။ မွေးရာပါနိုင်ငံသားများအတွက် မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်များအား ဖြေလျှော့ခြင်းများပြုလုပ်၍ နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးနေပါသည်။

၂။ (၁-၇-၂၀၁၁) ရက်နေ့မှစ၍ (၁၅-၁-၂၀၁၃) ရက်နေ့အထိ နိုင်ငံသားစိစစ်ရေးကတ်ပေါင်း ၃၀၇၉၀၉၄ ထုတ်ပေးပြီး ဖြစ်ပါသည်။

၃။ မိုးပွင့်အဆင့်(၅)အား (၁-၄-၂၀၁၃)ရက်နေ့တွင် ပြန်လည်စတင်မည်ဖြစ်ပြီး၊ နှစ်လကွင်းဆင်း၊ နှစ်လမြို့နယ်ရုံးတွင် ဆောင်ရွက်ပေးမည့်စနစ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်သွားပါမည်။

၄။ သွေးနှောပြည်သူများအတွက် အခြေခံမှတ်တမ်းများဖြင့် တိုက်ဆိုင်စိစစ်ရန် လိုအပ်ချက်အရ မြို့နယ်ရုံးများတွင်သာ ဆောင်ရွက်ပေးနေပါသည်။

၅။ နိုင်ငံသားစိစစ်ရေးကတ်အတွက် အများဆုံး ၂၈ ရက်၊ ကတ်အသစ် ပြုလုပ်မှု ခြောက်ကျပ်၊ လဲလှယ်မှု သုံးကျပ်၊ မိတ္တူပြုလုပ်မှု ၁၀ ကျပ်နှင့် အိမ်ထောင်စု လူဦးရေစာရင်း (နေ့ချင်းပြီး အခမဲ့) ဆောင်ရွက်ပေးနေပါသည်။

၆။ ပြည်သူများဘက်မှ လိုအပ်ချက်မှာ ဓာတ်ပုံသုံးပုံ၊ သွေးစစ်ချက်၊ အိမ်ထောင်စုစာရင်း မိတ္တူ၊ မိဘနှစ်ပါး၏ ကိုင်ဆောင်လက်မှတ်မိတ္တူ၊ ရဲစခန်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ဖြစ် ပြီး ၎င်းတို့အတွက် ကုန်ကျစရိတ်များသည် ဌာနသို့ပေးသွင်းရခြင်းမဟုတ်ဘဲ ပြင်ပသို့ပေးချေရသည့် ကုန်ကျစရိတ်များသာဖြစ်၍ ရောထွေးမမှတ်ယူစေလိုပါ။

၇။ နိုင်ငံတကာအလှူရှင်များ၏ပူးပေါင်းကူညီမှုဖြင့် (၁၁-၆-၂၀၁၂) ရက်နေ့မှစ၍ ကရင်ပြည်နယ်တစ်ခုလုံးအတွက် ကိုယ်စီလိုအပ်ချက်အပါအဝင် ကတ်ပြားထုတ်ပေးပြီးသည်အထိ One Stop Service ဖြင့်(အခမဲ့) ကွင်းဆင်းဆောင်ရွက်ပေးနေပါသည်။

၈။ ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် ကယားပြည်နယ်(၈)မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး (၁၀) မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (ကျောက်ကြီးမြို့နယ်၊ MPS၊ စီမံကိန်းနယ်မြေ) ပအိုးဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၃) မြို့နယ်နှင့် မြို့နယ်ခွဲ (၂)ခု၊ မွန်ပြည်နယ်(၇)မြို့နယ်တို့တွင်လည်း One Stop Service ဖြင့် အခမဲ့ကွင်းဆင်း ဆောင်ရွက်ပေးသွားပါမည်။

၉။ ကြားပွဲစားလုံးဝမလို(မလို)ပါ။ ဝိုင်းဝန်းသတင်းပေး ဖော်ထုတ်ပေးစေလိုပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါ သက်ဆိုင်ရာမြို့နယ်ရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၁။ ကျေနပ်မှုမရှိပါက နေပြည်တော်ဦးစီး(ရုံးချုပ်) သို့ လူကိုယ်တိုင်ဖြစ်စေ၊ ပြန်လည်ရှင်းလင်းပေးနိုင်ရန် တိုင်ကြားသူ၏ လိပ်စာအပြည့်အစုံဖြင့် ဖုန်းနံပါတ်-၀၆၇-၄၃၁၀၁၆ နှင့် ၀၆၇-၄၃၁၀၄၄ သို့ဖြစ်စေ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။ အကြံပြုချက်များကိုလည်း လေးစားစွာလက်ခံပါမည်။

၁၂။ နိုင်ငံသားဖြစ်မှုသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ သို့ပါ၍ အချက်အလက်မပြည့်စုံပါက လိုအပ်သည့်အချိန်ရယူရပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဖြစ်ရန် ပညာရှင်များစစ်ဆေးမည်

နေပြည်တော် ဇန်နဝါရီ ၃၁

ယဉ်ကျေးမှု ဝန်ကြီးဌာနသည် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရန် ကမ္ဘာ့အမွေအနှစ် ဌာနသို့ အမည်စာရင်းတင်သွင်းပြီး ဖြစ်ရာ ၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာ့အမွေအနှစ်ကော်မတီမှ စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း၊ ထိုသို့စစ်ဆေးပြီးနောက် ၂၀၁၄ ခုနှစ်အတွင်းကျင်းပမည့် ကမ္ဘာ့အမွေအနှစ် ကော်မတီအစည်းအဝေးတွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်လာပါက မိမိတို့၏ယဉ်ကျေးမှု သမိုင်းကြောင်းရှည်လျားမှု၊ အဆင့်အတန်းမြင့်မားထည်ဝါမှု၊ စိတ်ဝင်စားဖွယ်ကောင်းသော ဂုဏ်ယူဖွယ်ကောင်းသော မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာက ပိုမိုသိရှိလာပြီး ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်မှုလည်း ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ ဒေသတွင်းခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာသည်နှင့်အညီ ဒေသခံများအတွက် အသိအမြင် ပိုမိုကျယ်ပြန့်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသခံများ အနေဖြင့်လည်း ကမ္ဘာ့အမွေအနှစ်ကော်မတီမှ သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းများကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဒေသခံများ သိရှိနားလည်စေရန် အသေးစိတ် ကွင်းဆင်းကူညီ ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းများသည် ဒေသခံများ အလွယ်တကူ လိုက်နာနိုင်မည့်အချက်များပင်ဖြစ်ကြောင်းကို ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ ကျေးရွာများမှ ဒေသခံများနှင့်တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

ဆက်လက်၍ ယူနက်စကိုမှ ကိုယ်စားလှယ် Mr. Takahino MAKINO က ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းခြင်းဆိုင်ရာ အချက်အလက်များ၊ အခြားနိုင်ငံများရှိ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် ဒေသခံများရရှိလာနိုင်မည့် အကျိုးအပြစ်များကို ရှင်းလင်းပြောကြားပြီး ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က တက်ရောက်လာသူများ၏မေးမြန်းသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သရေခေတ္တရာ မြို့ဟောင်းရှိ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံနှင့် သာသနိကအဆောက်အအုံများ ကြံ့ခိုင်ထိန်းသိမ်းထားရှိမှု၊ တူးဖော်ရေးကုန်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားရှိမှု၊ ပြည်တွင်း ပြည်ပဧည့်သည်ဝင်ရောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် သရေခေတ္တရာမြို့ဟောင်းရှိ ဆွေတော်မျိုးတော်ဂူများအား ကြည့်ရှု စစ်ဆေးစဉ်။
(သတင်းစဉ်)



အမြန်ငှားလိုပါသည်

(တိုက်/မြေ)လုံးချင်း
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ
(လသာ၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ပန်းဘဲတန်း၊ ကျောက်တံတားအတွင်း)
ဖုန်း-၀၉-၇၃၀၃၉၀၅၀၊ ၀၉-၄၃၁၂၉၉၀၀

ဖခင်အမည်မှန်၊ မွေးသက္ကရာဇ်အမှန်ဖြစ်ကြောင်း ကြေညာခြင်း

တောင်ငူမြို့နယ်၊ ရှမ်းစုကြီးကျေးရွာအုပ်စု၊ ရှမ်းစုရွာနေ ဒေါ်ဂရေ့စ်ကွေး(ခ) ဒေါ်ဂေစီ၏ ဖခင်အမည်မှန်မှာ ဦးမောင်ကွေးဖြစ်ပြီး၊မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁၂-၁၉၄၁ ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ဂရေ့စ်ကွေး(ခ)ဒေါ်ဂေစီ**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်အုန်းမြင့် ပတ်စ်ပို့နံပါတ် ၄၉၄၉၀၈၁၅၀ နှင့် ကျွန်မခင်တင့်တင့်အုန်း ပတ်စ်ပို့နံပါတ် ၄၇၂၁၅၀၀၈၂ တို့သည် ၂၉-၁-၂၀၁၃ရက် ပန်းဆိုးတန်းလမ်းအနီးတွင် ဆင်းစဉ် Taxi ပေါ်တွင် ကျန်ရစ်ခဲ့ပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၅၄၀၈၅၁၅ နှင့် ၀၉-၄၅၀၀၂၅၈၄၉ တို့သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။ **ကျေးဇူးဆပ်ပါမည်။**

သတင်းနှင့်ဆောင်းပါး

သက်တမ်းလွန်၊ သက်တမ်းပြတ် တူညီလက်တွဲဖြတ်

သန်းချစ်မောင်

နေ့စဉ်သတင်းစာများအနေဖြင့် ရောင်စုံပုံများ၊ ရောင်စုံကဏ္ဍများဖြင့် ဝေဝေဆာဆာဖော်ပြလာမှုများကြောင့် သတင်းစာကို ပိုမိုစိတ်ဝင်စားစွာ ဖတ်လာကြပါတယ်။ ဒီမှာကျွန်တော်လည်း တစ်ယောက်အပါအဝင်ပါပဲ။ နိုင်ငံတော်က ကဏ္ဍစုံ တိုးတက်အောင်ဆောင်ရွက်နေတာ ပြည်သူများအားလုံးအသိပါပဲ။ ၇-၁-၂၀၂၃ နေ့ မြန်မာ့အလင်းသတင်းစာကို ဖတ်ရင်းနဲ့ တစ်နေရာမှာ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက ကြေညာချက်လေးတစ်ခုကို စိတ်ဝင်စားသွားမိပါတယ်။ ကြေညာချက်ကလေးက လုပ်ငန်းလိုင်စင်ရယူထားတဲ့ ယာဉ်တွေ သက်တမ်းတိုးဖို့ နှိုးဆော်ထားတာပါ။ သက်တမ်းတိုးဆောင်ရွက်ဖို့ နှိုးဆော်ထားတာ တိုင်းဒေသကြီး/ ပြည်နယ် (၁၅) ခုအတွက် ယာဉ်စီးရေ ၃၃၀၂၉ စီးရှိနေကြောင်း တွေ့ရပါတယ်။

တစ်ခုစဉ်းစားမိပါတယ်။ မြန်မာနိုင်ငံတော်ကြီး ဒီမိုကရေစီနိုင်ငံတော်ဖြစ်ဖို့ ဆောင်ရွက်တဲ့နေရာမှာ ဥပဒေနဲ့ မညီညွတ်တဲ့ကိစ္စတွေကို ပပျောက်အောင် ဆောင်ရွက်ဖို့၊ ဥပဒေနဲ့အညီ ဆောင်ရွက်တတ်ဖို့ အလေ့အကျင့်တွေလိုနေပါသေးလားပေါ့။ ဒါနဲ့ပဲ စိတ်ဝင်စားတာနဲ့ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက မိတ်ဆွေဆီကို အလျဉ်းသင့်လို့ ရောက်သွားခဲ့ပါတယ်။

ကျွန်တော် ။ **ဟဲလို၊ ညွှန်မှူးကြီး၊ မင်္ဂလာပါ။ ဒီလိုပါ၊ သတင်းလေးတစ်ခုတွေ့တာနဲ့ သိချင်တာလေးရယ်၊ မေးချင်တာလေးရယ်ရှိလို့ လာခဲ့တာပါ။**

ညွှန်မှူး ။ ခင်ဗျားကတော့ သတင်းတစ်ခုရဖို့ စိတ်ဝင်စားတာ အကျင့်ပဲနဲ့တူတယ်။

ကျွန်တော် ။ **ဒီလိုပေါ့ဗျာ။ ဒါနဲ့ မြန်မာ့အလင်းသတင်းစာမှာ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက လုပ်ငန်းလိုင်စင်သက်တမ်းလွန်၊ သက်တမ်းပြတ်ယာဉ်တွေ သက်တမ်းတိုးကြဖို့ နှိုးဆော်တဲ့ ကြော်ငြာလေးတစ်ခု ဖတ်လိုက်ရတယ်။**

ညွှန်မှူး ။ မှန်ပါတယ်ဗျ။ လုပ်ငန်းလိုင်စင်ရယူထားတဲ့ ယာဉ်တွေ သက်တမ်းတိုးမဆောင်ရွက်ကြလို့ ယာဉ်စီးရေများလာလို့ သက်တမ်းတိုးဖို့ နှိုးဆော်ထားတာပါ။

ကျွန်တော် ။ **ညွှန်မှူးတို့ ဒီလို သက်တမ်းလာမတိုးတဲ့ ယာဉ်တွေကို ဘယ်လိုခွဲခြားထားလဲဗျ။**

ညွှန်မှူး ။ ကျွန်တော်တို့ ရုံးတွေမှာ အခြေခံ ယာဉ်စာရင်းတွေ ပြုစုထားတယ်ဗျ။ အဲ့ဒါတွေက လုပ်ငန်းလိုင်စင်အလိုက် ယာဉ်စာရင်း၊ သက်တမ်းကုန်ဆုံးလအလိုက်ယာဉ်စာရင်း၊ မြို့နယ်အလိုက် ယာဉ်စာရင်းတို့ဖြစ်ပါတယ်။ နောက်ပြီး ယာဉ်အမျိုးအစားအလိုက် ယာဉ်စာရင်းတွေလည်း ပြုစုထားပါတယ်။

ကျွန်တော် ။ **ဒါဆိုသက်တမ်းကုန်ဆုံးလအလိုက် ယာဉ်စာရင်း ကြည့်တာနဲ့ ယာဉ်တွေဘယ်လောက် သက်တမ်းတိုးဖို့ လိုတာလဲဆိုတာ တစ်ခါတည်း သိတာပေါ့နော်။**

ညွှန်မှူး ။ ဟုတ်ပါတယ်။ လုပ်ငန်းလိုင်စင်ရယူထားတဲ့ ယာဉ်တွေကို သက်တမ်းတိုးဖို့ ကျွန်တော်တို့ရဲ့ ၁၉၆၃ ခုနှစ် ကုန်းလမ်းနဲ့ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ၊၁၉၆၄ ခုနှစ် ကုန်းလမ်းနဲ့ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ နည်းဥပဒေနဲ့ ၁၉၆၅ ခုနှစ် ကုန်းလမ်းနဲ့ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးစည်းကမ်းများမှာ လုပ်ငန်းလိုင်စင်ရယူထားတဲ့ ယာဉ်တွေဟာ “သက်တမ်းမကုန်ဆုံးမီ တစ်လ ကြိုတင်ပြီး သက်တမ်းတိုးရမယ်”လို့ ပြဋ္ဌာန်းထားပါတယ်။

ကျွန်တော် ။ **ဒါဆို လုပ်ငန်းလိုင်စင်ရယူထားတဲ့ယာဉ်တွေ သက်တမ်းမကုန်ခင် တစ်လအလိုကတည်းက သက်တမ်းတိုးလို့ရတယ်ပေါ့။**

ညွှန်မှူး ။ ဟုတ်ပါတယ်။

ကျွန်တော် ။ **အေးဗျာ။ ကျွန်တော်ရော လူတော်တော်များများက ယာဉ်တွေ သက်တမ်းကုန်မှ သက်တမ်းတိုးရတယ် ထင်ထားတာဗျ၊ ကောင်းတယ်ဗျာ၊ ကျွန်တော်တို့မသိဘူးဗျ၊ ဒီလိုကြိုတိုးတော့ ဘာအကျိုးတွေရလဲဗျ။**

ညွှန်မှူး ။ ယာဉ်နဲ့ ယာဉ်ပိုင်ရှင်တွေ ဥပဒေအတိုင်း ဆောင်ရွက်တတ်တဲ့စိတ်၊ နိုင်ငံတော်အပေါ် အလေးထားတဲ့စိတ်၊ ဥပဒေဘောင်အတွင်း နေထိုင်ဆောင်ရွက်တဲ့အတွက် မည်သူ့မျက်နှာကိုမှ ကြည့်မနေရခြင်း၊ စိတ်ချမ်းသာစွာနေရခြင်း၊ မလိုလားအပ်တဲ့ ကုန်ကျမှုများမရှိခြင်း၊ စိတ်ပျော်ရွှင်ခြင်း၊ စိတ်သောက လူဒုက္ခမရောက်ခြင်း၊ အေးချမ်းစွာလုပ်ငန်းလုပ်ကိုင်ရခြင်းစတဲ့ အကျိုးတွေရတာပေါ့ဗျာ။

ကျွန်တော် ။ **အကယ်လို့ဥပဒေနဲ့မညီညွတ်ဘဲ ယာဉ်တွေလိုင်စင်သက်တမ်းကြိုတိုးတာ၊ အချိန်မီမဆောင်ရွက်မိတာတွေကြောင့် ရလာမယ့်ဆိုးကျိုးတွေကရော။**

ညွှန်မှူး ။ ယာဉ်ပိုင်ရှင် ယာဉ်တွေဟာ ဥပဒေကို လေးစားလိုက်နာမှုမရှိတဲ့အတွက် ဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဥပဒေအရ အရေးယူခံရမည်ဖြစ်ခြင်း။ အခွန်တိမ်းရှောင်သကဲ့သို့ ဖြစ်ခြင်း၊ နိုင်ငံတော်၏ အခွန်ဆုံးရှုံးခြင်း၊ အခွန်ဆုံးရှုံးသဖြင့် နိုင်ငံတော်မှ ပြည်သူတို့အကျိုးဆောင်ရွက်ပေးသည့် နေရာတွင် အတိုင်းအတာတစ်ခုအထိ ထိခိုက်စေခြင်း၊ ဥပဒေနဲ့ မညီညွတ်ဘဲ လုပ်ငန်းဆောင်ရွက်နေသဖြင့် စိတ်/ကိုယ်ချမ်းမြေ့မှု၊ အေးချမ်းမှုမရှိဘဲ ဘယ်တော့စစ်ဆေးခံရမလဲ အဖမ်းခံရမလဲဟု စိတ်မသက်သာမှုဖြစ်ပေါ်နေခြင်း၊ စိတ်မသက်သာဖြစ်ပေါ်မှုကြောင့် အရာရာတွင် အဆင်မပြေမှုဖြစ်လာခြင်းတို့ တွေ့ကြုံလာနိုင်ပါတယ်။

ကျွန်တော် ။ **ညွှန်မှူးကြီးပြောတဲ့အထဲမှာ နိုင်ငံတော်အခွန် ဆုံးရှုံးတယ်လို့ ပါတယ်နော်။ ဘယ်လောက်အတိုင်းအတာအထိ ဆုံးရှုံးနိုင်သလဲဆိုတာ ခန့်မှန်းနိုင်မှာလား။**

ညွှန်မှူး ။ လောလောဆယ်သက်တမ်းလွန်၊ သက်တမ်းပြတ် ဖြစ်နေတာ စုစုပေါင်း ၃၃၀၂၉ စီးရှိတာကို တွက်ကြည့်ရင် အနည်းဆုံးအခွန် ၆၆ သန်းကနေ ၁၆၅ သန်းလောက်အထိ ဆုံးရှုံးမှုဖြစ်နိုင်ပါတယ်။ ဒါခန့်မှန်းထားတာနော်။

ကျွန်တော် ။ **မနည်းပါလား။ ညွှန်မှူးတို့ရော ဒီလိုယာဉ်တွေ သက်တမ်းလွန်/ သက်တမ်းပြတ်မဖြစ်စေဖို့ ဘာတွေများ လုပ်ဆောင်ထားပါလဲ။**

ညွှန်မှူး ။ ပထမအချက်အနေနဲ့ လုပ်ငန်းလုပ်ကိုင်နေတဲ့ ယာဉ်တွေ အများပြည်သူဆိုင်ရာလမ်းတွေမှာ ဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်ရယူထားခြင်းရှိ မရှိ၊ လုပ်ငန်းလိုင်စင်ရယူထားတဲ့ ယာဉ်တွေဟာလည်း ဥပဒေနဲ့အညီ သွားလာဆောင်ရွက်ခြင်း ရှိ မရှိကိုအထူးစစ်ဆေးခြင်း ပြုလုပ်ဆောင်ရွက်ပါတယ်။

ကျွန်တော် ။ **ဆက်ပြောပါဦး။**

ညွှန်မှူး ။ အထူးစစ်ဆေးဆောင်ရွက်နေတဲ့ကြားကနေ သက်တမ်းလွန်၊ သက်တမ်းပြတ်ဖြစ်နေတဲ့ ယာဉ်တွေကို သက်တမ်းလွန်၊ သက်တမ်းပြတ်မဖြစ်စေဘဲ လွယ်ကူစွာ သက်တမ်းတိုးနိုင်ဖို့ အခုဆိုရင် နိုင်ငံတော်က **Reform Strategy** ဆောင်ရွက်မှုအရ ယာဉ်သက်တမ်းတိုးရင် ပိုင်ရှင်ရဲ့မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတောင်းယူစိစစ်ခြင်း၊ လုပ်ငန်းအခွန်များ တင်ပြစေခြင်းတို့ကို ဖြေလျှော့ပေးခဲ့ပြီး လုပ်ငန်းလာရောက်ဆောင်ရွက်သူရဲ့ ဓာတ်ပုံပါ အထောက်အထားတစ်ခုတင်ပြရုံနဲ့ သက်တမ်းတိုးဆောင်ရွက်ပေးနေပါတယ်။

ကျွန်တော် ။ **သက်တမ်းတိုးဖို့ ဘာအခက်အခဲမှမရှိဘူးပေါ့။**

ညွှန်မှူး ။ ဒါပေါ့။ ပါလာရမယ့် ကမ-၃ ယာဉ်မှတ်ပုံတင်စာအုပ်ရယ်၊လုပ်ငန်းလိုင်စင်အပိုင်း (၁)(၂)ကြိုဂံရယ်တော့ ပါလာရမှာပေါ့။

ကျွန်တော် ။ **သက်တမ်းတိုးဖို့ လွယ်လွယ်ကူကူလုပ်ပေးထားပါလျက်နဲ့ သက်တမ်းလွန်၊ သက်တမ်းပြတ်တွေဖြစ်နေရတဲ့ အကြောင်းက ဘာတွေဖြစ်နိုင်သလဲ။**

ညွှန်မှူး ။ အကြောင်းရင်းတွေကတော့ အမျိုးမျိုး ရှိနေမှာပါပဲ။ အဓိကကတော့ ယာဉ်ပိုင်ရှင်တွေက မိမိတို့ရဲ့ ယာဉ်တွေရဲ့ သက်တမ်းကုန်ဆုံးချိန်ကို ဂရုမပြုတာ၊ သက်တမ်းကုန်မှန်းသိပေမယ့် အလုပ်လောဘကြောင့် သက်တမ်းမတိုးတာ၊ ဒီလို သက်တမ်းမတိုးဘဲ လုပ်ငန်းလုပ်နေခြင်းအပေါ်မှာ စစ်ဆေးအရေးယူမှုပေါ့လျော့တာ၊ တချို့က အခွန်တိမ်းရှောင်ပြီးနေတာ၊ တချို့ကတော့ ဥပဒေအရ စစ်ဆေးကြီးကြပ်ခြင်းဝေးတဲ့နေရာရောက်ရှိနေတာ၊ တချို့ကတော့ ယာဉ်အခြေအနေအရ ဆိုလိုတာက ယာဉ်မကောင်းလို့ ရပ်နားထားရတာ စတာတွေပေါ့။

ကျွန်တော် ။ **ညွှန်မှူးတို့ ဌာနအနေနဲ့ကရော ဘာတွေလုပ်ထားသလဲ။**

ညွှန်မှူး ။ ကျွန်တော်ရှေ့မှာ ပြောခဲ့သလိုပဲ။ အခြေခံယာဉ် စာရင်းတွေကနေ သက်တမ်းလွန်၊ သက်တမ်း ပြတ်ဖြစ်နေတဲ့ ယာဉ်စာရင်းတွေကို ပြုစုထားပြီး ယာဉ်တွေရဲ့ သက်တမ်းမကုန်မီ တစ်လကြိုတင်ပြီး ယာဉ်ပိုင်ရှင်တွေဆီ အကြောင်းကြားပါတယ်။ ဆက်ပြီး ယာဉ်တွေ လိုင်စင်သက်တမ်းကုန်ပြီး တစ်လကျော်ရင် သက်တမ်းတိုးဖို့ ထပ်မံအကြောင်းကြား နှိုးဆော်ပါတယ်။ အဲဒီလို နှိုးဆော်လို့မှ မလာရင် ရုံးကဝန်ထမ်းများက အိမ်တိုင်ရာရောက် ကွင်းဆင်း ဖော်ထုတ်အကြောင်းကြားပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ ဆက်စပ်ဌာနများရဲ့ အကူအညီရယူတာ၊ စီမံချက်တွေရေးဆွဲဆောင်ရွက်တာတွေကိုပါ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ပါတယ်။

ကျွန်တော် ။ **ညွှန်မှူးတို့ရုံးချုပ်အနေနဲ့ကရော ဘာတွေဆောင်ရွက်ပေးပါသလဲ။**

ညွှန်မှူး ။ ကျွန်တော်တို့ရုံးချုပ်အနေနဲ့ကတော့ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တွေရဲ့ ဆောင်ရွက်မှုတွေကို တင်ပြအစီရင်ခံစာများကနေ စိစစ်ပါတယ်။ တစ်ပြည်လုံးမှာရှိတဲ့ ရုံးအားလုံး၊ သက်တမ်းလွန်၊ သက်တမ်းပြတ်ယာဉ်တွေ လျော့နည်းကျဆင်းရေးအတွက် နည်းလမ်းတွေနဲ့ လုပ်ဆောင်သင့်တာတွေကို စီမံချက်ရေးသားဖြန့်ဝေခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တွေမှာ မိမိဒေသနဲ့ သင့်လျော်မယ့် စီမံချက်တွေ ပြန်လည်ရေးဆွဲစေခြင်း၊ လစဉ်လုပ်ငန်းစီမံချက်တွေ ရေးဆွဲဆောင်ရွက်စေခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းအပြင် သက်တမ်းလွန်၊ သက်တမ်းပြတ်များလာတဲ့ ရုံးတွေကိုလည်း လုပ်ငန်းအလေးထား ဆောင်ရွက်ဖို့ နှိုးဆော်ပေးနေပါတယ်။

ကျွန်တော် ။ **ဒီလိုလုပ်ပေးနေတာတောင် ဒီယာဉ်တွေက ရှိနေတုန်းပဲနော်။**

ညွှန်မှူး ။ ဒီအပြင် ရုံးချုပ်က တစ်ပြည်လုံးမှာရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်များရဲ့ သက်တမ်းလွန်၊ သက်တမ်းပြတ် ယာဉ်စာရင်းတွေ သတင်းစာမှာ ဖော်ပြနှိုးဆော်ပေးခြင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရဲ့ Face book(Tpd Npt)မှာတင်ပြထားပေးခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များမှာလည်း ယာဉ်တစ်စီးချင်းနံပါတ်တွေကို မြို့နယ်အလိုက် သတင်းစာထဲမှာ ကြော်ငြာထည့်သွင်းစေခြင်းတို့ကို ထပ်မံဆောင်ရွက်စေပြီး Media များဖြင့်လည်း Public Awareness ရရှိစေရေးတွေကို ဆောင်ရွက်နေပါတယ်။

ကျွန်တော် ။ **ဒါဆိုရင် သက်တမ်းလွန်၊ သက်တမ်းပြတ်ယာဉ်တွေ ကျဆင်းသွားမယ်ပေါ့။ ပပျောက်သွားမှာပေါ့။**

ညွှန်မှူး ။ သက်တမ်းလွန်၊ သက်တမ်းပြတ်ယာဉ်တွေ လျော့နည်းကျဆင်းသွားစေမှာကတော့ အမှန်ပါပဲ၊ ပပျောက်ဖို့ကိစ္စကတော့ ပြည်သူတစ်ရပ်လုံးက နိုးကြားတဲ့ အသိစိတ်ဓာတ်နဲ့ ဝိုင်းဝန်းကူညီကြဖို့ လိုအပ်ပါတယ်။ အစိုးရအဖွဲ့အစည်းနဲ့ ပြည်သူလက်တွဲ အကောင်အထည်ဖော်ကြဖို့ ဖြစ်ပါတယ်။

ကျွန်တော် ။ **ညွှန်မှူးရဲ့ လုပ်ငန်းအပေါ်မှာ သဘောထားလေးရော ပြောပြပေးနိုင်မလား။**

ညွှန်မှူး ။ ကျွန်တော့် ထင်မြင်ချက်ကတော့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေက ပြည်သူ့အကျိုးကို အလေးထားပြီး လုပ်ငန်းတွေ အခက်အခဲမရှိအောင် ဆောင်ရွက်ပေးနေသလို ဝန်ထမ်းများအနေနဲ့ ကလည်း ပြည်သူတွေအကျိုးကို ထိရောက်စွာ ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ပြည်သူတွေအနေနဲ့ကလည်း နိုင်ငံတော်အစိုးရနဲ့ ဌာနဆိုင်ရာ လုပ်ငန်းတွေကို ဥပဒေနဲ့အညီ အောင်မြင်စွာ အကောင် အထည်ဖော်နိုင်ဖို့ ဥပဒေတွေကို အလေးထားလိုက်နာကြမယ်၊ အသိတရားမြင့်မားစွာထားရှိ ဆောင်ရွက်ကြမယ်ဆိုရင် မအောင်မြင်စရာမရှိဘူးလို့ ထင်ပါတယ်။

ကျွန်တော် ။ **ကောင်းပါတယ်။ အစိုးရပြည်သူတူညီစိတ်နဲ့ အကောင်အထည်ဖော်ကြရင် သမ္မတကြီးရဲ့မှာကြားချက်ဖြစ်တဲ့ Rule of Law နဲ့အညီ ဆောင်ရွက်နိုင်ရင် အကောင်းဆုံးဖြစ်လာမှာပါ။ အခုလို စိတ်ရှည်စွာ ရှင်းပြပေးတဲ့ ညွှန်မှူးကြီးကို ကျေးဇူးတင်ရှိပါတယ်။**

ကျွန်တော်အပြန်လမ်းမှာ စဉ်းစားမိပါတယ်။ အစိုးရနဲ့ပြည်သူတွေဟာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို လေးစားလိုက်နာရင်း အစိုးရဝန်ထမ်းအဖွဲ့အစည်းများက ပြည်သူအကျိုးကိုအလေးထားပြီး ပြည်သူတွေအတွက် လုပ်ငန်းတွေမြန်ဆန်အောင်၊ သက်သာမှုရှိအောင် ဆောင်ရွက်ပေးပြီး ပြည်သူများကလည်း နိုင်ငံတော်အပေါ် တာဝန်သိသိ သစ္စာရှိရှိနဲ့ အခွန်ထမ်းကောင်းများပီသစွာဆောင်ရွက်သွားကြရင်ဖြင့် ပြည်သူတွေလိုလားတောင့်တတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်သွားနိုင်မှာမဟုတ်ပါလား ခင်ဗျာ။

ပုဏ္ဏားကျွန်း၌ ရပ် / ကျေးအုပ်ချုပ်ရေးမှူးသင်တန်းဖွင့်

ပုဏ္ဏားကျွန်း ဇန်နဝါရီ ၃၁

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးလုပ်ငန်းစွမ်းရည်မြင့်မားရေးသင်တန်း(၁/ ၂၀၂၃)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက ဦးရာဇ်မင်္ဂလာခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးညီညီအောင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ၃၅ ဦး တက်ရောက်ကာ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းပို့ချကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမည်ဖြစ်ကြောင်း သိရှိရသည်။

သူ(ပုဏ္ဏားမြို)

မြန်မာဇော်ထူး
ရေသန့်ပစ္စည်း၊ ရောင်း၊ ဝယ်ရေး
QUALITY LIFE FROM QUALITY WATER
QUALITY WATER FROM MYANMAR ZAW HTOO
Fully Automatic
Limited Quantity
အထူးအခွင့်အရေး (၄၀)ရက် တည်းသာ
၂၀.၁.၂၀၂၃ မှ ၂၈.၂.၂၀၂၃ ထိ
ပစ္စည်းအစုံပါဝင်ပြီး အဆင့်(၇)ဆင့်စစ် R.O စနစ် ရေသန့်စင်စက်
၂၇၀၀၀၀ ကျပ်တိတိ
မူလဈေး 360,000/ရ
25%OFF
ရန်ကုန်မြို့တွင်း အခမဲ့တပ်ဆင်ပေးပါသည်။
အိမ်တိုင်း R.O ရေသန့်စက်ရှိရမည်။

အမှတ် (၃၂၅)၊ မြေညီထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း-အထက်လမ်း(ယခင်မောင်တော်လေးလမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
web : www.myanmarzawhtoo.com / www.mzhwatertreatment.com

လွှတ်တော်ရေးရာကဏ္ဍ

လွှတ်တော်များ၏ ဒုတိယနှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် နေ့လယ်စာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဒုတိယနှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် နေ့လယ်စာစားပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်ကြီး၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်ကော်မတီ၊ ကော်မရှင်ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က မိန့်ခွန်းပြောကြားပြီး နေ့လယ်စာသုံးဆောင်စဉ် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တေးဂီတအဖွဲ့က ဧည့်ခံဖျော်ဖြေတင်ဆက်သည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က အနုပညာရှင်များအား ပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဒုတိယနှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် နေ့လယ်စာစားပွဲ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မိန့်ခွန်းပြောကြားစဉ်။
(သတင်းစဉ်)

◆ *ပြည်ထောင်စုလွှတ်တော်မှ*

ထို့ပြင် **လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်နာယက က ရှင်းလင်းတင်ပြပြီး လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်များအပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ဦးစံထွန်းက ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ ဥပဒေကြမ်းအပေါ် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲခဲ့သည့်အချက်များနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမန်းကံညွန့်က "လာဘ်ပေးလာဘ်ယူမှုဆိုတာ တစ်ခုခုသောအကျိုးကို လိုလားတဲ့အတွက် လာဘ်ပေးတဲ့သူကပေးတယ်၊ လာဘ်ယူတဲ့သူကယူပြီးတော့မှ လုပ်ငန်းကိုဖြစ်မြောက်အောင် ဆောင်ရွက်ပေးတယ်၊ ဒါကြောင့် ဒီဟာက ဥပဒေကြောင်းအရ အပြစ်ရှိတယ်၊ အဂတိလိုက်စားမှုကျတော့ ဂတိလေးမျိုးမှာ အကုန်လုံးက လာဘ်ပေးလာဘ်ယူမှုကြောင့်လို့ ပြောလို့မရဘူး၊ **ဥပမာ**- ဒေါသဂတိလိုဟာမျိုးမှာ လာဘ်ပေးလာဘ်ယူမှုကြောင့်လို့ ပြောလို့မရဘူး၊ လာဘ်ပေးလာဘ်ယူမှုဆိုတာက အကောင်အထည်ပြလို့ ရတယ်၊ အဲဒီအကောင်အထည်ပြချက်ကို သက်သေခံပစ္စည်းအနေနဲ့ထားပြီး အရေးယူလို့ရတယ်၊ အဂတိလိုက်စားမှုမှာ စိတ်ခံစားချက်လည်းပါတဲ့အတွက် တိတိကျကျအရေးယူဖို့ ခက်ခဲပါတယ်၊ ဒါကြောင့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဆိုတာက ပိုပြီး သင့်တော်တယ်လို့ ကျွန်တော်ထင်ပါတယ်" ဟု ပြောပြခဲ့သည်။

ဥပဒေပြဋ္ဌာန်းရာတွင် စကားရပ်၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုသည် တိကျရန် လိုအပ်ခြင်း၊ လူအများနားလည်လွယ်ရန် လိုအပ်ခြင်း၊ သက်သေပြရန်တာဝန်ကိုဖော်ဆောင်နိုင်ရန် လိုအပ်ခြင်း၊ လက်တွေ့အသုံးချနိုင်သော စကားရပ်ဖြစ်ရန် လိုအပ်ခြင်း စသည့် အခြေအနေများအရ လည်းကောင်း၊ ဥပဒေ၏ အမည်နှင့်စကားရပ်အသုံးအနှုန်း ကွဲလွဲသော်လည်း ဥပဒေ၏ ရည်ရွယ်ချက်များနှင့် အရေးယူဆောင်ရွက်မှုများ ပြောင်းလဲခြင်းမရှိသည့်အတွက်လည်းကောင်း လာဘ်ပေးလာဘ်ယူမှုဟူသည့် စကားရပ်ကိုသာ ဥပဒေကြမ်းပူးပေါင်း ကော်မတီဝင်အများစု၏ ဆန္ဒအရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသင့်ကြောင်းဖြင့် အဆိုပါသဘောထားမှတ်ချက် အစီရင်ခံစာတွင် ဖော်ပြပါရှိကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ကျင်းပမည့်နေ့ရက်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ မွန်နှင့်ကရင်ပြည်နယ်တို့အတွင်း လူမှုရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင် ဦးဆောင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် 7 things this year initiative စီမံချက်မန်နေဂျာ ဒေါက်တာချမ်းမြေ့အောင်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်း၊ သထုံမြို့နယ် မရမ်းကုန်းသားဖွားခန်းနှင့် ပေါင်မြို့နယ် ပန်းကုန်းသားဖွားခန်းများသို့ သွားရောက်၍ ငွေကျပ်တစ်သိန်းစီနှင့် သားဖွားခန်းသုံးပစ္စည်းများနှင့် ဆေးဝါးများ လှူဒါန်းခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပြီး သထုံမြို့နယ် မရမ်းကုန်းကျေးရွာနှင့် သထုံမြို့နယ်အသင်းပိုင် မူလတန်းကြိုကျောင်းရှိ မူလတန်းကျောင်းသားကျောင်းသူများအတွက် ဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကျန်းမာရေးဌာန (အမျိုးသမီးနှင့်ကလေးကျန်းမာရေးဌာနစိတ်) နှင့် UNICEF တို့ ပူးပေါင်း၍ 7 things this year initiative စီမံချက် အသိပေး ရှင်းလင်းခြင်းအခမ်းအနား ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်ကအမှာစကားပြောကြားပြီးတွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဂျိုဂျိုစန်းက စီမံချက်အကြောင်း ရှင်းလင်းပြောကြားကာ စီမံချက်မန်နေဂျာ ဒေါက်တာချမ်းမြေ့အောင်ကမိတ်ဆက်စကားပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီတွင် ကရင်ပြည်နယ် မြိုင်ကလေးဘိလပ်မြေစက်ရုံ မိခင်နှင့်ကလေးအသင်းပိုင် မူလတန်းကြိုကျောင်း၌ မူကြိုကလေးများအား အာဟာရများထောက်ပံ့ပြီး ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည့် 7 things this year initiative စီမံချက်အသိပေးရှင်းလင်းခြင်းအခမ်းအနားသို့တက်ရောက်ကာ ကြာအင်းဆိပ်ကြီးနှင့် မြဝတီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းများအတွက် ငွေကျပ်တစ်သိန်းစီနှင့် သားဖွားခန်းသုံးပစ္စည်းများနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၁၅ ဦးတို့အား အာဟာရများထောက်ပံ့ပြီး သားဖွားခန်းအတွက် ငွေကျပ်တစ်သိန်းနှင့် သားဖွားခန်းသုံး ပစ္စည်းများနှင့်ဆေးဝါးများထောက်ပံ့ကာ အသင်းပိုင်မူလတန်းကြိုကျောင်း၌ အာဟာရများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေမြင့်မှ
လူမျိုးတင့်မည်

သမဝါယမလုပ်ငန်းနှင့်သမဝါယမနည်းစနစ်များအား ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၁

သမဝါယမ ဝန်ကြီးဌာနသည် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို ဆောင်ရွက်နေရသော ဌာနဖြစ်သည့်အတွက် ဌာနဝန်ထမ်းများ၊ အသင်းအမှုဆောင်ဒါရိုက်တာများပူးပေါင်း၍ ဒေသဆိုင်ရာအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ချိတ်ဆက်ကာ ကျေးရွာတိုင်းတွင် အခြေခံသမဝါယမ အသင်းတစ်သင်းဖွဲ့စည်းရေး၊ ပြည်သူများအား သမဝါယမလုပ်ငန်းနှင့် သမဝါယမနည်းစနစ်များအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ကွင်းဆင်းဆောင်ရွက်သွားကြရန် ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်သမဝါယမဦးစီးဌာနရုံး၌ ပြည်နယ်သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိများ၊ သမဝါယမ အသင်းစုချုပ်၊ အသင်းစုနှင့် အခြေခံအသင်းအမှုဆောင်ဒါရိုက်တာများနှင့် တွေ့ဆုံရာတွင် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက ဆွေးနွေးမှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပြည်နယ်သမဝါယမအသင်းစုချုပ်ရုံးခန်း၌ အသင်းစုချုပ်အမှုဆောင်ဒါရိုက်တာများ၊ အသင်းဝန်ထမ်းများအား တွေ့ဆုံပြီး အသင်းစုချုပ်၏ အသေးစား ငွေစုငွေချေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ)ဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

နိုင်ငံခြားဘာသာတက္ကသိုလ်များ၏ပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ)ဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်သည့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က ဘာသာစကားသင်တက္ကသိုလ်များအနေဖြင့် Target Language အသုံးပြုမှု တိုးတက်စေရေးနှင့် Classroom Participation တိုးတက်စေရေး အတွက် ဦးစားပေးဆောင်ရွက်ရန် အရေးကြီးကြောင်း၊ စာသင်ခန်းအတွင်း ကျောင်းသားများတက်တက်ကြွကြွပါဝင်လာနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးရမည် ဖြစ်ကြောင်း၊ ဆွေးနွေးပွဲမှ သဘောတူဆုံးဖြတ်သော လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေး

Classroom Participation ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ Using Target Language in Classroom နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ နည်းပြတန်းများတွင် စစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ Self-Assessment Report(SAR) ပုံစံ သတ်မှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် အခြေခံသုတေသနနည်းစနစ်ဆိုင်ရာ သင်ရိုးပြုစုရေးအလုပ်ရုံဆွေးနွေးပွဲဟူသော ခေါင်းစဉ်ငါးခုဖြင့် ဆွေးနွေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ် သာသနာရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် နံနက် ၈ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်သာသနာရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ပြည်နယ်ပညာရေးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အမှာစကားပြောကြား

ထို့နောက် တောင်ကြီးမြို့ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက် အမှာစကားပြောကြားသည်။

ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)တို့မှ အင်ဂျင်နီယာမှူးကြီးများက သက်ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာပေဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

တာမွေမြို့နယ် စာရေးဆရာများအသင်းနှင့် ဗျိုင်းရေအိုးစင် ရွာမ ရပ်ကွက်လူငယ်များ ပူးပေါင်းစီစဉ်သည့် စာပေဟောပြောပွဲကြီးကို ဖေဖော်ဝါရီ ၂ရက် ည၇နာရီတွင် ၁၅၃ လမ်း၊ ဗျိုင်းရေအိုးစင်(ရွာမ) ရပ်ကွက် တာမွေမြို့နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲတွင် လူငယ်များ၏ဦးနှောက်ယိုစီးမှု ပြဿနာနှင့် အနာဂတ်မြန်မာနိုင်ငံဆိုသည့် ခေါင်းစဉ်ဖြင့် ဆရာမောင်သာချို၊ ဆရာညိုမင်းလွင်တို့ ပါဝင်ဟောပြောဆွေးနွေးမည်ဟု သိရသည်။

စိန်လွင်အောင်

ပြည်တွင်းသတင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးအား ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ဥရောပသမဂ္ဂဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရောဘတ် ကူးပါးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)** ယင်းသို့တွေ့ဆုံရာတွင် ကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်နှင့်ဦးဝင်းကို၊ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဥရောပသမဂ္ဂတို့အကြား ကိုယ်စားလှယ်များ အပြန်အလှန်စေလွှတ်၍ရွေးကောက်ပွဲ ဆိုင်ရာလုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန် ဆောင်ရွက်ရေး၊ ၂၀၁၅ ခုနှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးအဖြစ်အောင်မြင်စွာ ကျင်းပနိုင်စေရန်အတွက် ဥရောပသမဂ္ဂမှပံ့ပိုးကူညီဆောင်ရွက်သွားနိုင်ရေး၊ ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားလူမျိုးများ ရွေးကောက်ပွဲနှင့် ပတ်သက်၍ပညာပေးရာတွင် လိုအပ်သည်များ ကူညီပေးရေးနှင့် ဥရောပသမဂ္ဂမှ ကျွမ်းကျင်ပညာရှင်များ လာရောက်၍ ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများ၊ နည်းပညာဗဟုသုတများ ဆွေးနွေးအမြင်ချင်းဖလှယ်ပေးသွားနိုင်စေရေးကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာဆန်စပါးသု... မြန်မာနိုင်ငံတို့ပူးပေါင်းဆောင်ရွက်မှု...

နေပြည်တော် ဇန်နဝါရီ ၃၁

နိုင်ငံ၏ ဆန်စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှုသည် ဟက်တာ ရှစ်သန်းကျော်၊ မြေဧက ၁၆ သန်းကျော်ရှိရာ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန (IRRI) အနေဖြင့် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုကို လှိုက်လှဲစွာကြိုဆိုပါကြောင်းနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်လိုကြောင်း။

မြန်မာနိုင်ငံသည် စစ်ကြိုခေတ်နှင့် စစ်ပြီးကာလတွင် ကမ္ဘာ၌ ဆန်အများဆုံးတင်ပို့နိုင်သော နိုင်ငံဖြစ်ခဲ့ပြီး နှစ် ၅၀ အကြာတွင် အရင်းအနှီးနှင့် နည်းပညာများ ခေတ်နောက်ကျကျန်ခဲ့၍ ဆန်စပါးဈေးကွက် ပြန်လည်နေရာရရှိရန်အဘက်ဘက်မှ ပြန်လည်ကြိုးစားဆောင်ရွက်နေပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) အနေဖြင့် မြန်မာနိုင်ငံ၏ ဆန်စပါး အရည်အသွေးတိုးတက်မြင့်မားရေး အပါအဝင် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်လိုအပ်သော နည်းပညာနှင့် မျိုးစေ့ထုတ်ခြင်းလုပ်ငန်းမှ ရိတ်သိမ်းချိန်လွန်ကာလ၊ ဈေးကွက်တင်ပို့ခြင်းတိုင်အောင် အစ-အလယ်-အဆုံး အကူအညီပေး၍ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လက်ရှိဆောင်ရွက်နေသော ဘိုကလေး၊ လပွတ္တာနယ်မြေများသာမက နေပြည်တော်နှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း အပြည်ပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) ၏ စံပြစိုက်ကွက်များ ထူထောင်လုပ်ဆောင်၍ ပူးပေါင်းဆောင်ရွက်သွားကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယနေ့နံနက် ၈ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများဆိုင်ရာအစည်းအဝေး၌ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန (IRRI) မှ အကြီးတန်းသုတေသနအရာရှိ Dr. David

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အပြ... တို့ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများဆိုင်...

မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာထိုင်တော်မူဘုရားကြီး ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ခတက္ကန်(တ) ကျေးရွာ ဗန္ဓဝတောင်ကုန်းမြေပေါ်၌ တည်ထားကိုးကွယ်မည့် ဉာဏ်တော်အ မြင့်ပေ ၂၀၀၊ ပလ္လင်တော်အမြင့် ၄၂ ပေ၊ စုစုပေါင်းအမြင့် ၂၄၂ ပေရှိသည့် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာထိုင်တော်မူဘုရားကြီး ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် အဆိုပါ ဗန္ဓဝတောင်ကုန်းမြေပေါ်၌ ကျင်းပရာ ပြင်ဦးလွင်မြို့ ကံ့ကော်တစ်ထောင် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများက ပန္နက်တော်တိုင်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသထံမှ အနုမောဒနာတရားနာယူကြသည်။

ဆက်လက်၍ ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အလှူဒါယကာများ၊ ခုနစ်ရက်သားသမီးများကနေ့နံအလိုက် ပန္နက်တိုင်နေရာအသီးသီးတွင် ပန္နက်တော်တင်၍ဆရာတော် သံဃာတော်များက သဗ္ဗေဗုဒ္ဓါဇိန ပဋ္ဌာဂါထာတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မင်္ဂလာအချိန်ကျရောက်သည်တွင် ဗဟိုပန္နက်တော်နေရာများ၌ ပန္နက်တော်တင်ခဲ့ကြသည်။

မဟာ ဗောဓိတစ်ထောင် လေးကျွန်းစကြာ ထိုင်တော်မူ ဘုရားကြီး ပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၁၆၆၅ ဒသမ ၅ သိန်းဖြစ်သည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖြစ်ရာ မြန်မာနိုင်ငံသည် ရောင်စုံခြယ်သမှုများနှင့် ပြည့်လျှမ်းနေသည့် ကမ္ဘာ့ခရီးသွား လုပ်ငန်းတွင် ပင်ကိုအတိုင်း လှပကာ ဆွဲဆောင်မှုအပြည့်ရှိနေသော ဆယ်ကျော်သက် အပျိုရိုင်းလေးနှင့်တူနေသည်။ နိုင်ငံတိုင်းက စိတ်ဝင်စားနေသလို ဧည့်သည်တိုင်းကလည်း လာရောက်ရန်ဟန်ပြင်နေကြပြီဖြစ်သည်။

ရန်ကုန်မြို့ရှိ ဆီဒိုးနား ဟိုတယ်ကို ခံ့ညားစွာ တွေ့ရစဉ်။

မြန်မာနိုင်ငံသို့ လာရောက်မည့် ဧည့်သည်များအတွက် တည်းခိုနေထိုင်ရန် ဟိုတယ်သစ်များ လိုအပ်နေမှုကိုဖြည့်ဆည်းပြီး ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက်ရှိသဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာလက ရန်ကုန်မြို့တွင် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာပေါင်း ၂၀၂ လုံးနှင့် အခန်းပေါင်း ၈၇၂၇ ခန်းရှိခဲ့ရာမှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်၌ ဟိုတယ် ၂၀၄ လုံးရှိလာပြီး အခန်းပေါင်း ၈၉၁၅ ခန်းရှိလာခဲ့ရာ ဟိုတယ်အသစ်နှစ်လုံးနှင့် အခန်းပေါင်း ၁၈၈ ခန်းတိုးမြင့်လာခဲ့သည်။ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းအပေါ် တဖြည်းဖြည်းနှင့် စိတ်ဝင်စားမှုများပြားလာခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင် ဟိုတယ်အပြင် လိုင်စင်ဖြင့် ခွင့်ပြုထားရပ်တည်နေသော မိုတယ်နှင့် တည်းခိုရိပ်သာ ၄၀ ခန့်ရှိနေပြီး အခန်းပေါင်း ၆၇၆ ခန်းလည်းရှိနေသည်။ စီးပွားရေးမြို့တော်ရန်ကုန်တွင် ဟိုတယ်အသစ်များ ထပ်မံဖွင့်လှစ်ရန်အစီအစဉ်များ ရှိနေသည်။

ရန်ကုန်မြို့တွင် တည်ဆောက်ဆဲဟိုတယ်လေးလုံးရှိနေပြီး ယင်းဟိုတယ်များမှာ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများအရ တည်ဆောက်နေခြင်းဖြစ်ရာ ဧည့်သည်များအတွက် အခန်းအရေအတွက်များ တိုးတက်ရရှိလာမည်ဖြစ်သည်။ နှစ်စဉ်တိုးတက် ရောက်ရှိလာမည့် ဧည့်သည်အသစ်များအတွက် ဟိုတယ်အသစ်များကလည်း ထွက်ပေါ်လာတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ လာရောက်မှုအနေအထား တဖြည်းဖြည်းတိုးတက်လာမှု နှိုင်းယှဉ်ကြည့်လျှင် ၂၀၀၈ ခုနှစ်က ဧည့်သည် ၇၃၁၂၃၀၊ ၂၀၀၉ ခုနှစ်တွင် ၇၆၂၅၄၇ ဦး၊ ၂၀၁၀ ခုနှစ်တွင် ၇၉၁၅၀၅ ဦး၊ ၂၀၁၁ ခုနှစ်တွင် ၈၁၆၃၆၉ ဦးနှင့် ၂၀၁၂ ခုနှစ်တွင် ၁၀၅၈၉၉၅ ဦးတို့ လာရောက်ခဲ့ရာ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာမှုကို ပြသလျက် ရှိနေပြီဖြစ်သည်။ ထိုသို့တိုးတက်လာရောက်မည့် ဧည့်သည်များအတွက် ဧည့်ဝတ်ကျေပွန်ရန်၊ နောက်ထပ်လာရောက်မှုအတွက် ဆွဲဆောင်နိုင်ရန်အတွက် လေ့လာစရာသဘာဝ အလှအပနေရာများ ဖန်တီးရန်လည်းလိုအပ်လေသည်။

ကမ္ဘာတစ်ဝန်းမှ အာရုံစူးစိုက်မှုခံနေရပြီဖြစ်သည့် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား လာရောက်ရာတွင် ၂၀၁၂ ခုနှစ်က မြောက်အမေရိကနိုင်ငံများဖြစ်သည့် ကနေဒါ၊ အမေရိကနှင့် အခြားနိုင်ငံများမှ ဧည့်သည် ၄၄၀၇၄ ဦးလာရောက်ခဲ့သည်။ အနောက်ဥရောပနိုင်ငံများမှ ဧည့်သည် ၁၃၀၂၉၆ ဦး၊ အရှေ့ဥရောပမှဧည့်သည် ၉၀၇၇ ဦး၊ အာဖရိကမှဧည့်သည် ၁၅၉၈ ဦး၊ အရှေ့အလယ်ပိုင်းမှ ဧည့်သည် ၃၇၄၇ ဦး၊ အာရှမှ ဧည့်သည် ၃၈၀၄၀၄ ဦးနှင့် သမုဒ္ဒရာပိုင်းနိုင်ငံများမှ ၂၀၆၅၀ တို့လာရောက်ခဲ့ကြသည်။ ဒေသအလိုက်၊ နိုင်ငံများအလိုက်ဧည့်သည် လာရောက်မှုများမှာ ၂၀၁၃ ခုနှစ်အတွင်း အရှိန်အဟုန်ဖြင့် တိုးမြင့်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာရှိလာမှု၊ နိုင်ငံတကာနှင့်ရင်းနှီးစွာ ထိတွေ့ဆက်ဆံလာမှု၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲနေမှု၊ ယုံကြည်စိတ်ချမှုတိုးမြင့်လာခြင်းနှင့် ကမ္ဘာလှည့်ခရီးစဉ်မျက်နှာသစ်တစ်ခုအဖြစ်ရှေ့ဆုံးသို့ ရောက်ရှိလာသော မြန်မာနိုင်ငံကိုလာမည့်နှစ်များ၌ ဧည့်သည်သန်းပေါင်းများစွာ လာရောက်လည်ပတ်နိုင်မည့် အနေအထားသို့ ရောက်ရှိလာတော့မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန် စက်သုံးဆီဈေး

ကိုယ်ပိုင်ယာဉ်၊ တက္ကစီအငှားယာဉ်နှင့် လုပ်ငန်းသုံးယာဉ်များ ရန်ကုန်မြို့တွင် တစ်နေ့တခြားများလာသည်။ ယာဉ်စီးရေများလာသည်နှင့်အမျှ စက်သုံးဆီသုံးစွဲမှုလည်း တိုးလာသည်။ စက်သုံးဆီသုံးစွဲမှု တိုးလာသော်လည်း ဈေးနှုန်းကား တည်ငြိမ်နေသည်။

ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်တို့၏ ဆိုင်နေရာ မြို့တွင်း မြို့ပြင်အနီးအဝေးအနေအထားအရ စက်သုံးဆီ တစ်လီတာရောင်းဈေးနှုန်း အနည်းငယ်ဈေးကွာသည်မှအပ ဈေးနှုန်းအတက်အကျ မရှိကြောင်း တွေ့ရသည်။

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်၏ ဇန်နဝါရီ ၃၁ရက် ရောင်းချသည့် စက်သုံးဆီတစ်လီတာရောင်းဈေးနှုန်းမှာ ယခုလလယ်က ရောင်းချခဲ့သည့် စက်သုံးဆီများအနက် အောက်တိန်းဆီဈေး အနည်းငယ်ကျပြီး ကျန်စက်သုံးဆီအားလုံး ဈေးနှုန်းပုံမှန်ဖြစ်နေသည်။

၂၀၁၃ဇန်နဝါရီလ (၁၆)ရက်	ကျပ်	၂၀၁၃ ဇန်နဝါရီလ (၃၁)ရက်	ကျပ်
အဆင့်မြင့်ဒီဇယ်	၈၉၀	အဆင့်မြင့်ဒီဇယ်	၈၉၀
ဓာတ်ဆီ	၈၁၅	ဓာတ်ဆီ	၈၁၅
အောက်တိန်း	၈၇၀	အောက်တိန်း	၈၆၀
ဒီဇယ်	၈၆၀	ဒီဇယ်	၈၆၀

(မွန်ချစ်)

...န်စပါးသုတေသနဌာန (IRRI)နှင့် ...ဆောင်ရွက်မှုစီမံကိန်းများဆိုင်ရာစည်းဝေး

...ဝန်ကြီး ဦးမြင့်လှိုင် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI)နှင့် မြန်မာနိုင်ငံ ...င်ရွက်မှုစီမံကိန်းများဆိုင်ရာ အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

...ရာ ဆန်စပါး ...RI) မှ အကြီး ...ရှိ Dr. David Jonson၊ Dr. Madonna နှင့် Dr. Grant Singleton တို့အား မြန်မာ့ဆန်စပါးအလှ ကျောက်စီပန်းချီကားချပ် ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

...း ကြီး

...ာယူကြသည်။ ...န္တက်တော်တင် ...ကို ကျင်းပရာ ...် ဌာနဆိုင်ရာ ...များ၊ ခုနစ်ရက် ...အလိုက် ပန္တက် ...တွင် ပန္တက် ...် သံဃာတော် ... ပတ္တာဂါထာ ...ဖော်ကြသည်။ ...ိုင်းဒေသကြီး ...ဝန်ရှိသူများက ...က်သည်တွင် ...များ၌ ပန္တက် ...မိတစ်ထောင် ... ထိုင်တော်မူ ...န္တက်တော်တင် ...တွင် အလှူ ...ငွစုစုပေါင်းမှာ ...ာမ ၅ သိန်း (သတင်းစဉ်)

...ိုးယာဉ်များ ...ားလာသည် ...ိုးဆီသုံးစွဲမှု ...၁ မြို့တွင်း ...တာရောင်း ...က်အကျ မရှိ ...းရှိ ပုဂ္ဂလိက ...ရာင်းချသည့် ... ရောင်းချခဲ့ ...ိုးငယ်ကျပြီး

ကျပ်
၈၉၀
၈၁၅
၈၆၀
၈၆၀

(မွန်ချစ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၂-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇း၃၀ နံနက်ခင်းသတင်း
၇း၅၀ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ကိုယ်စိတ်ကျန်းမာလေ့လာပါ
၈း၀၅ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၁၅ အကပြိုင်ပွဲ
၈း၂၅ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
၈း၄၀ International News
၈း၄၅ တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ တေးဂီတအစီအစဉ်
၄း၂၀ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၃၀ နှောင်းခေတ်တေးပဒေသာ
၄း၄၀ ၂၀၁၃ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅း၁၅ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀ (၆၆)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၀ အိန္ဒိယရုပ်ရှင် **ဖြူစင်မေတ္တာ** (အပိုင်း-၄၁)
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၆း၂၀ **ချစ်သောဤကမ္ဘာမြေ**
၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ** (ဒုတိယတွဲ) (အပိုင်း-၁၀)
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- **ရတနာအလား...**
ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ
- အပျိုစင်တောင်ထိပ်ဆီသို့

၁၀း၀၀ ပြည်တွင်းသတင်း ရောင်စုံရေးသီတေးပန်းချီ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၂-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

၅း၁၀ **အကြောင်းကောင်းမှ အကျိုးလှ** တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာ အရှင်ကိတ္တိသာရ)
၈း၀၀ **Cartoon Series (Math Fun With Ria)**
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေးညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း ၆)
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁၀း၄၀ ပြင်ဦးလွင်မြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ
၁၁း၀၀ ဟင်းချက်ရအောင်
၁၁း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂း၂၀ Minute to Win It
၁း၄၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၂း၀၀ MRTV-4 သတင်း
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး**(အပိုင်း-၈၇)
၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေးညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း ၆)
၅း၂၀ Minute to Win It
၆း၀၀ MRTV-4 သတင်း
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချိုမြိန်သောဘဝလေး** (အပိုင်း-၈၈)
၈း၀၀ MRTV-4 သတင်း
၁၀း၂၀ Movie Talk **ခုနစ်သံချီ မြန်မာ့ရုပ်ရှင်ခေတ်** (အပိုင်း-၂)
၁၁း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မေတ္တာမှန်လျှင်** (အပိုင်း၁၃)
၁၁း၅၀ World of Knowledge (Built For The Kill Grassland)
၁၂း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မေတ္တာမှန်လျှင်** (အပိုင်း-၁၃)
၂း၃၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၀ 2D
၄း၄၀ မန္တလေးမြို့မှ ရတနာအောင်မြင် မိဘမဲ့ကလေးများပြုစု စောင့်ရှောက်ရေးကျောင်း
၄း၄၀ အံ့ဖွယ်ထင်ရှားကျိုက်ကမ္ဘာ့ကမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်

တာအုပ်စာပေ လှူမိတ်ဆွေ

ကမ္ဘာလှည့်ခရီးသည်ပြင်သစ်နိုင်ငံသားအား ပြည်နှင်ဒဏ်ပေးမည်ဟူသော သတင်းမီဒီယာအချို့၏ရေးသားဖော်ပြချက်သည် မှန်ကန်မှုမရှိကြောင်းသိရှိရ

နေပြည်တော် ဇန်နဝါရီ ၃၁

ရန်ကုန်မှ ကချင်ပြည်နယ် လိုင်ဇာသို့ခြေကျင်ထွက်ခွာလာသော အင်အား ၄၃ ဦးပါအဖွဲ့သည် တောင်ငူမြို့ (၇)ရပ်ကွက် စည်ပင်ဂိုဏ်းအုပ်ဘုန်းတော်ကြီးကျောင်း၌ ရောက်ရှိအခြေပြုနေစဉ် ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းတွင် တောင်ငူမြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ကမ္ဘာလှည့်ခရီးသည် ပြင်သစ်နိုင်ငံသား Mr.Peburelelde Chassey Christophel၊ အသက် ၄၄ နှစ်၊ နိုင်ငံကူးလက်မှတ် အမှတ် PPNo. P10CT 52036၊ ပြည်ဝင်ဗီဇာအမျိုးအစား Tourist Visa ကိုင်ဆောင်သူအားတွေ့ဆုံ၍ ယခုဆောင်ရွက်ချက်သည် ဗီဇာစည်းမျဉ်းစည်းကမ်းအား ချိုးဖောက်မှုရှိနေကြောင်းပြောကြားကာ တာဝန်ရှိပုဂ္ဂိုလ်များဖြင့် ရန်ကုန်မြို့သို့ စနစ်တကျပို့ဆောင်ပေးခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူးက ရန်ကုန်အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာပြင်သစ်သံရုံးမှ ကောင်စစ်ဝန် Mr.XAVIER DARGUEUVER ထံသို့ ဇန်နဝါရီ ၃၀ ရက် ညနေ ၆ နာရီခွဲခန့်တွင် ပြင်သစ်သံရုံး၌ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့သည်။

အဆိုပါ ကမ္ဘာလှည့်ခရီးသည် ပြင်သစ်နိုင်ငံသားသည် ၎င်းကိုင်ဆောင်ထားသော ပြည်ဝင်ဗီဇာပါ စည်းကမ်းသတ်မှတ်ချက်များအား ကျူးလွန်ဖောက်ဖျက်ခြင်းဖြစ်သည့်အတွက် အစဉ်အလာဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ ပြည်နှင်ဒဏ်ပေး၍ လိုအပ်သောတားမြစ်မှုများထပ်ဆင့်ဆောင်ရွက်ရန်ဖြစ်သော်လည်း မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့အကြား ရရှိထားသော နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများအပေါ် အလေးထားသောအားဖြင့် ယင်းကမ္ဘာလှည့်ခရီးသည် ပြင်သစ်နိုင်ငံသားအား ပြည်ဝင်ဗီဇာပါ မူလအခွင့်အရေးများအား ရုပ်သိမ်းအရေးယူ ဆောင်ရွက်ခြင်းမပြုဘဲ ၎င်း၏ မိခင်နိုင်ငံသံရုံးသို့သာ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းမီဒီယာအချို့က လမ်းလျှောက်အဖွဲ့နှင့်ပါလာသော ကမ္ဘာလှည့်ခရီးသည် ပြင်သစ်နိုင်ငံသား Mr. Peburelelde Chassey Christophel ကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ပြည်နှင်ဒဏ်ပေးမည်ဟူသော ရေးသားဖော်ပြချက်သည် မှန်ကန်မှုမရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ – ထိုင်းနယ်စပ် မယ်စဲ့မြို့နယ် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၃၁

မယ်စဲ့မြို့နယ် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး **(ယာပုံ)**ကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက နယ်စပ်ဒေသများ၌ နယ်စပ်ကုန်သွယ်ရေး စခန်းအသစ်များ တိုးချဲ့ ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ထိုသို့ ဖွင့်လှစ်နိုင်သည်နှင့်အမျှ ကုန်သွယ်မှုပမာဏ ပိုမိုတိုးတက်ရရှိလာနိုင်သကဲ့သို့ တရားမဝင်ကုန်သွယ်မှု လုပ်ငန်းများကိုလည်း တရားဝင် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရန် ထိန်းကျောင်းနိုင်မည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလမ်းကြောင်းများ ကောင်းမွန်ရေး၊ တံတားများ ကြံ့ခိုင်မှုရှိရေးနှင့် နယ်မြေလုံခြုံမှု ကောင်းမွန်ရေးတို့သည် ကုန်သွယ်မှု လုပ်ငန်းများအတွက် အဓိကကျသည့် အချက်များဖြစ်ပါကြောင်းနှင့် စခန်းသစ်ဖွင့်လှစ်နိုင်ရေးအတွက် တာဝန်ရှိသည့် ဌာနများ

အပြင်ဒေသခံပြည်သူများပါ ဝိုင်းဝန်းကူညီပံ့ပိုးကြရန်ပြောကြားသည်။

ထို့နောက် ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မယ်စဲ့နယ်စပ်စခန်း အမြန်ဆုံး ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

IBTC Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ IBTC Group of Companies က အဓိက ကူညီပံ့ပိုးသည့် (Myanmar Golf Tour-2013) IBTC Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club တွင် ကျင်းပသည်။

အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် ဇင်မင်းသူပါဝင်ယှဉ်ပြိုင်စဉ်။

တတိယနေ့ (၁၈) ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfer အဆင့်ပြိုင်ပွဲ၌ ကျော်သီဟ (KM Golf Centre)နှင့် ရန်မျိုးအေးတို့က သုံးရက်ပေါင်း ခြောက်ချက်စီလျှော့ရိုက်ကြပြီး ၂၁၀ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

စိုးကျော်နိုင် (Srixon) နှင့် နေဗလဝင်းမြင့် (Srixon) တို့က သုံးရက်ပေါင်း ငါးချက်စီလျှော့ရိုက်ကြပြီး ၂၁၁ ချက်စီဖြင့် ဒုတိယလိုက်နေကြပြီး အောင်ဝင်း (Srixon) က သုံးရက်ပေါင်းလေးချက်လျှော့ရိုက်ကာ ၂၁၂ ချက်ဖြင့် စတုတ္ထလိုက်နေသည်။ အောင်ဆန်းဝင်း (I Win Golf Academy) က သုံးရက်ပေါင်း သုံးချက်လျှော့ရိုက်ပြီး ၂၁၃ ချက်ဖြင့် ပဉ္စမလိုက်နေသည်။

အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် ဇင်မင်းသူက သုံးရက်ပေါင်း ၂၁၄ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ရဲထက်အောင်နှင့် မျိုးဝင်းအောင်တို့က သုံးရက်ပေါင်း ၂၁၅ချက်စီဖြင့် ဒုတိယလိုက်ကာ၊ (Ti Htan Lian) က သုံးရက်ပေါင်း ၂၁၆ ချက်ဖြင့် တတိယလိုက်နေကြောင်း သိရှိရသည်။ **(မောင်ကျော်)**

ရန်ကုန်မြို့တော် စည်ပင်သာယာလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့တော် ယာဉ်ကြောပိတ်ဆို့ကျပ်တောက်မှု မရှိစေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးကြပ်၍ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကမာရွတ်မြို့နယ်ရှိ လှည်းတန်းခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လှိုင်မြို့နယ်ရှိ ကမာရွတ်ဘူတာရုံလမ်းအားအကျယ် ၄၈ ပေ တိုးချဲ့မှုနှင့် ကွန်ကရစ်လမ်းချောခင်းနေမှု၊ First Myanmar Investment Co.,Ltd. က တာဝန်ယူဆောင်ရွက်လျက်ရှိသော မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ခုံးကျော်တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၊ လှိုင်မြို့နယ်ရှိ အင်းစိန်လမ်းနှင့် ပါရမီလမ်းဆုံအနီး အင်းစိန်လမ်း၌ အုတ်ရေနုတ်မြောင်းများ ပြုလုပ်နေမှု၊ ကမာရွတ်မြို့နယ်ရှိ အင်းလျားလမ်းနှင့် ပြည်လမ်းဆုံအနီး အင်းလျားလမ်း၌ လမ်းသားတိုးချဲ့ခြင်းလုပ်ငန်းနှင့် အုတ်ရေနုတ်မြောင်းများ ပြုလုပ်နေမှု၊ Capital Development Ltd. က တာဝန်ယူဆောင်ရွက်လျက်ရှိသော ဗဟန်းမြို့နယ်ရှိ ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

အဆိုပါနေရာသို့ ရောက်ရှိစဉ် အာဂျင်တီးနားသမ္မတက ငြိမ်းချမ်းရေးသူရဲကောင်းဟု ချီးကျူးလိုက်ပြီး ခရီးစဉ်အောင်မြင်စေကြောင်း ဂုဏ်ပြုအားပေးစကားပါးခဲ့သည်။ ခရီးစဉ်ထက်ဝက်ဖြစ်သည့် ရေကြောင်းပြဖော်ယာ အနီးအရောက်တွင် ဂိုချောင်၏လှေငယ်ရွက်တိုင်ထိပ်ပိုင်းမှာ ပျက်စီးမှုဖြစ်ပေါ်ခဲ့သော်လည်း ဆက်လက်ရွက်လွှင့်နိုင်ခဲ့သည်။

ဂိုချောင်သည် လာမည့်ဖေဖော်ဝါရီ ၂၀ ရက်ဝန်းကျင်တွင် အာဖရိကတောင်ဘက်စွန်းရှိ ဂွတ်ဟုပ်အငူ အနီးသို့ ရောက်ရှိရန် ရည်မှန်းထားသည်။ ဂိုချောင်သည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၈ ရက်က ၎င်းနေထိုင်ရာ တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်တောင်မြို့မှ စတင်ကာ အရှည်ပေ ၄၀ ရှိသော လှေငယ်ဖြင့် ကမ္ဘာတစ်ပတ် ရေလမ်းခရီးကို မရပ်မနား ရွက်လွှင့်ခဲ့သူဖြစ်သည်။

နိုင်ငံတကာ ရွက်လွှင့်အဖွဲ့ချုပ်က သတ်မှတ်ပေးသည့် ရေလမ်းကြောင်းဖြစ်သော ကျန်တောင်မြို့ ဂွတ်ဟုပ်အငူ မလက္ကာရေပြင်မှ ကျန်တောင်မြို့သို့ လာမည့်ဧပြီလ၌ ပြန်လည်ဆိုက်ရောက်ရန် ခရီးစဉ်ဆွဲပေးထားသည်။ ခရီးစဉ်အစအဆုံး ရေမိုင်ခရီးမှာ မိုင် ၂၁၆၀၀ ဖြစ်ပြီး မည်သည့်နေရာမျှ ရပ်နားခြင်းမပြုဘဲ ဆက်တိုက်ရွက်လှေငယ်ဖြင့် ခရီးနှင်နေခြင်းဖြစ်သည်။

ခန့်မှန်းထား

အဆိုပါရေလမ်း ခရီးကို မရပ်မနားရွက်လွှင့်ရာတွင် အချိန်လေးလခွဲခန့်ကြာမြင့်မည်ဟု ခန့်မှန်းထားသည်။ ဂိုချောင်၏ ရွက်လွှင့်ခရီးစဉ်အတွက် နိုင်ငံတကာရွက်လွှင့်အဖွဲ့ချုပ်က အရှည်ပေ ၆၀ ရှိသော ရွက်လှေနှင့် အရှည်ပေ ၄၀ရှိသော ရွက်လှေတို့အနက် နှစ်သက်ရာဖြင့် ရွေးချယ်သွားလာခွင့် ပြုခဲ့သော်လည်း ဂိုချောင်က ပေ ၄၀ ရှည်သော ရွက်လှေငယ်ကိုသာ ရွေးချယ်ခရီးနှင်နေခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

မှုခင်းသတင်း

တောရိုင်းဆင်ကို ပစ်သတ်ခဲ့သည့် ဆင်ပစ်မုဆိုးကို ဖမ်းဆီးရမိ

ပဲခူး ဇန်နဝါရီ ၃၁

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ဘိုင်းဒါးကြိုးဝိုင်း အကွက်အမှတ် ၁၀၉ အတွင်း ဇန်နဝါရီ ၂၈ ရက်က တောဆင်ရိုင်းတစ်ကောင်ကို ပစ်ခတ်သတ်ဖြတ်ခဲ့မှုဖြစ်ပွားခဲ့ပြီး ဆင်ပစ်မုဆိုးအား နောက်တစ်နေ့ ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးအရာရှိသည် ဇန်နဝါရီ ၂၈ ရက် ညနေ ၆ နာရီက ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ အလုပ်တာဝန်ထမ်းဆောင်နေစဉ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေး ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်စိုက်ပျိုးနေသော ချင်းတွင်းမြစ်ကြောင်း ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးအောင်ဖိုးက စိုက်ခင်းအနီးဝန်းကျင်မှ သေနတ်သံနှစ်ချက် ကြားရကြောင်း တယ်လီဖုန်းဆက်သွယ်၍ သတင်းပေးပို့ခဲ့သည်။

ဇန်နဝါရီ ၂၉ ရက် နံနက် ၆ နာရီက ချင်းတွင်းမြစ်ကြောင်း ကုမ္ပဏီအနီး ဘိုင်းဒါးကြိုးဝိုင်း အကွက်အမှတ် ၁၀၉ အစတွင် ဦးမင်းသန့်ဇင်(တောအုပ်) ခေါင်းဆောင်သောအဖွဲ့၊ ဦးညွန့်ဝင်း(ဦးစီးအရာရှိ) ခေါင်းဆောင်သောအဖွဲ့နှင့် ဦးသိန်းလွင်(တောအုပ်)ခေါင်းဆောင်သော အဖွဲ့သုံးဖွဲ့ခွဲ၍ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ စုံစမ်းရှာဖွေခဲ့ရာ တောအုပ် ဦးမင်းသန့်ဇင် ဦးဆောင်သောအဖွဲ့သည် နံနက် ၉ နာရီခွဲတွင် ကြိုးဝိုင်းအတွင်း မသင်္ကာသူတစ်ဦးအား တွေ့ရှိ၍ ဖမ်းဆီးမည်ပြုစဉ် ထွက်ပြေးတိမ်းရှောင်ရန် ကြိုးစားခဲ့သောကြောင့် ရဲဒုတပ်ကြပ် ဇော်မျိုးလှိုင်က ဝင်ရောက်နပန်းလုံး လက်ထိပ်ခတ်ပြီး ကျန်အဖွဲ့ဝင်များက ဝိုင်းဝန်းချုပ်ကိုင်ဖမ်းဆီးရမိခဲ့သည်။

တောဆင်ရိုင်းကို ပစ်ခတ်သတ်ဖြတ်သူမှာ မင်းမင်း(ခ)အောင်ထွန်းမင်း (၃၆) နှစ် ချောင်းစောင့်ကျေးရွာ အုတ်ဖိုမြို့နယ်ဖြစ်ပြီး ၎င်းပစ်ခတ်သတ်ဖြတ်ထားသော ဆင်ရှိရာ နေရာကို လိုက်လံပြသခဲ့သည်။ ဆင်ကို နှာမောင်းဖြတ်၊ အစွယ်ဖြတ်ထားပြီး ဆင်သားရေများကို ခွာနေဆဲဖြစ်သည်။ ဆင်၏ အသက်မှာ ၁၅ နှစ်ခန့်ဟု ခန့်မှန်းရပြီး ဆင်အထီးဖြစ်ကာ အမြင့် ခုနစ်ပေ၊ ခြောက်လက်မ၊ လုံးပတ် ကိုးပေ၊ အမြီးအဖျားထိ အလျား ၁၅ ပေ၊ ဖြတ်ယူထားသော အစွယ်တစ်ချောင်း၏ အရှည်မှာ တစ်ပေ သုံးလက်မခွဲရှိပြီး လုံးပတ် ငါးလက်မ ရှိသည်။ ဒုတိယ အစွယ်တစ်ချောင်းမှာ အရှည် ၁၁ လက်မရှိပြီး လုံးပတ် ငါးလက်မခွဲရှိသည်။ ဖြတ်ပြီး နှာမောင်း၏အရှည်မှာ လေးပေ နှစ်လက်မရှိပြီး လုံးပတ်မှာ လက်မ ၂၀ ရှိသည်။

ဆင်ကို တူမီးသေနတ်ဖြင့် ပစ်သတ်ရာတွင် ပါဝင်သူများမှာ သုံးဦးဖြစ်ပြီး ကျန်နှစ်ဦးဖြစ်သော နတ်တလင်းမြို့နယ် တောင်ညိုအရှေ့ ကွင်းစန်းကျေးရွာနေ စိုးလွင်နှင့် ရန်ကုန်မြို့ သာကေတတွင်နေထိုင်သူ ထွန်းထွန်းတို့မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။ ဆင်အရေခွံအခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၊ နှာမောင်းအစို တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀၊ ဆင်စွယ်တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၀၀ ဖြင့် ရောင်းချရကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသော ဆင်ပစ်မုဆိုး မင်းမင်း(ခ)အောင်ထွန်းမင်းကို မြို့ချောင်းရဲစခန်းတွင် ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ဘိုင်းဒါးဘီနယ် တာဝန်ခံတောအုပ် ဦးမင်းသန့်ဇင်က တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်ကြားထားရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၇(က) ဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ **(စိန်လှိုင်ဗိုလ်)**

ဆိုင်ကယ်ခိုးသူများ သက်သေခံဆိုင်ကယ် ၁၀ စီးနှင့်အတူ ဖမ်းမိ

မော်လမြိုင် ဇန်နဝါရီ ၃၁

မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ရေးမြို့နယ်ရှိ လူစည်ကားရာနေရာများတွင် မော်တော်ဆိုင်ကယ်များ ခိုးယူသူနှင့် ရောင်းချသူတို့ကို ဇန်နဝါရီ ၂၈ ရက်က မွန်ပြည်နယ် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး(အထူး) မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်ခိုင်သန်း၊ မြို့မရဲစခန်းမှူး ရဲအုပ်ဆန်းဝင်း၊ ဒုရဲအုပ်နိုင်နိုင်ဝင်း၊ အရာခံ နေထွန်း၊ ရဲတပ်ကြပ်ကြီး တင်လင်းထွန်းတို့အဖွဲ့က သက်သေခံ ဆိုင်ကယ်များနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ် (၅၄)ရပ်ကွက် ဇဋ္ဌိလလမ်းနေ နေလင်းထက် (၂၇)နှစ်နှင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာ ဈေးတန်းပိုင်းနေ ကျော်မင်းနိုင် (ခ) တရုတ်ကြီးတို့၏ အစစ်ခံချက်အရ ရေးမြို့နယ် လူစည်ကားရာနေရာဖြစ်သော ဘောလုံးကွင်း၊ ဘုတာပိုင်း၊ ရွှေဆံတော်ဘုရားအနီး၊ ဆေးရုံကြီးဘေး၊ အစင်ကျေးရွာဈေးအနီး၊ ရွှေတောင်ကြား လက်ဖက်ရည်ဆိုင်တို့တွင် ရပ်နားထားသော မော်တော်ဆိုင်ကယ် ရှစ်စီး၊ မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အဲရိုးမြန်မာ တိုက်ခန်း သုံးလွှာတွင် ထားရှိသော ဆိုင်ကယ်တစ်စီးနှင့် လူစည်ကားရာနေရာတွင် ရပ်နားထားသည့် ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူသွားခဲ့ရာမှ သက်ဆိုင်ရာက စုံစမ်းဖော်ထုတ်ပြီး သက်သေခံ မော်တော်ဆိုင်ကယ် ၁၀ စီးကို ပြန်လည်သိမ်းဆည်းရမိသည်။

အမှုကို မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားပြီး ကျန်အမှုကို ရေးမြို့နယ်သို့ လွှဲပြောင်းပေးမည်ဖြစ်သည်။ **(၁၀၇)**

ကြံခင်းဘိလပ်မြေစက်ရုံမှ နေပြည်တော်သို့ ဘိလပ်မြေအိတ် ၃၃ တန် တင်ဆောင်လာသော ယာဉ်အမှတ် ၃င/...(၂၂)ဘီးယာဉ် ဇန်နဝါရီ ၂၉ ရက်က နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းအုပ်စု မအူလေးပင်ရွာ ပျဉ်းမနား- တောင်ညိုလမ်း ကွန်ကရစ်လမ်းသစ်တွင် တိမ်းမှောက်မှုဖြစ်ပွားရာ ယာဉ်ပက်လက် အနေအထားနှင့် တွေ့ရစဉ်။ (တက္ကသိုလ်နေဝင်းအောင်)

ကြံခင်းမြို့နယ်တွင် အချိန်အခါမဲ့ မိုးရွာ၊ လေပြင်းတိုက်၊ နေအိမ်အချို့ပျက်စီး

ကြံခင်း ဇန်နဝါရီ ၃၁

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်တွင် ရုတ်တရက် မိုးရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ လဲပြိုကျိုးကျခြင်းကြောင့် နေအိမ်အချို့ ပြိုကျပြီး အချို့ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် အချိန်အခါမဲ့ မိုးရွာသွန်းမှုနှင့်အတူ ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် ကြံခင်းမြို့ ရွာသစ်ရပ်ကွက်ရှိ မြို့နယ်ကုန်စည်ပို့ဆောင်ရေးယာဉ် ကြီးကြပ်ရေးအဖွဲ့ရုံး သွပ်အမိုးများ လွင့်ကျပျက်စီးပြီး အနီးရှိ ကုက္ကိုကိုင်းကျိုးကျမှုကြောင့် အဝေးပြေးယာဉ်ဂိတ် အဆောက်အအုံအချို့ ပျက်စီးသွားသည်။

ထို့အပြင် ရွှေတောင်စုရပ်ကွက် ဧရာနိုင်ကွက်သစ်နှင့် ကျောက်ပုံကွက်သစ်တို့တွင် သစ်အိမ်နှင့် ဝါးအိမ် ၁၁ လုံး ပြိုကျပြီး အိမ် ၁၂ လုံးမှာ အမိုးနှင့်အကာများ ပျက်စီးဆုံးရှုံးသွားခဲ့သည်။ လူအသေအပျောက် လုံးဝမရှိကြောင်း သိရှိရသည်။ **(၀၆၉)**

တောင်ကြီးမြို့တွင် ဇန်နဝါရီ ၂၉ ရက်က အချိန်အခါမဟုတ် မိုးထစ်ချုန်းရွာသွန်းခဲ့ရာ ဒေသခံတို့၏ စည်းကမ်းမဲ့စွာ မြောင်းတွင်းထဲသို့ အမှိုက်များ စွန့်ပစ်ခြင်းတို့ကြောင့် ရေမြောင်း ပိတ်ဆို့နေပြီး မိုးရွာသွန်းလိုက်သောအခါ မြောင်းတွင်းမှ ရေများနှင့် အမှိုက်များ လမ်းမနှင့် လက်ဖက်ရည်ဆိုင်အတွင်းသို့ ဤသို့ စီးဝင်ခဲ့သည်။

LZLM(တောင်ကြီး)

လူငယ်များ ကော်ရှူခြင်းပြဿနာ ပိုမိုဖြစ်ပွားလာနေ

မုဒုံ ဇန်နဝါရီ ၃၁

ယနေ့လူငယ်များ၏ အသိုင်းအဝိုင်းအချို့တွင် အခြားမူးယစ်ဆေးဝါးများထက် ကော်ရှူသုံးခြင်း အပြုအမူများ များပြားလာလျက်ရှိကြောင်း သိရသည်။

ဘိန်းမည်း၊ ဘိန်းဖြူ ရာဘ၊ ဒေ လျှူဝိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဝယ်ယူသုံးစွဲရာတွင် ဈေးနှုန်းကြီးမြင့်ခြင်း၊ ဥပဒေအရ ရာဇဝတ်ပြစ်ဒဏ်ဖြစ်စေပြီး အဖမ်းအဆီးများလည်းရှိခြင်းကြောင့် လူငယ်အတော်များများက ဈေးနှုန်း သက်သာပြီး လွယ်ကူစွာဝယ်ယူနိုင်သည့် အမည်တံဆိပ်အမျိုးမျိုးနှင့် ကော်ဘူး တစ်ဘူးလျှင် ကျပ်ခြောက်ရာ့ငါးဆယ်ဝန်းကျင်မျှနှင့် ဝယ်ယူပြီး ရှူရှိုက်သုံးစွဲမှုများ ပြုလုပ်နေကြသည်။

ထိုသို့ ကော်ရှူပြီးလျှင် ကော်အရှိန်ဖြင့် သွေးကြွမိုက်မဲ၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မော်တော်ကား၊ ဆိုင်ကယ်စသည့် ယာဉ်မျိုးစုံတို့ကို သတိကင်းမဲ့စွာ အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်မှုကြောင့် ခါတ်တိုင်နှင့် တိုက်ခြင်း၊ တံတားနှင့်ဝင်တိုက်မိခြင်း၊ ယာဉ်တစ်စီးနှင့်တစ်စီးတိုက်မိခြင်း၊ လူနှင့်အခြား ဝန်တင်ယာဉ်များကို တိုက်မိခြင်း၊ ယာဉ်တိမ်းမှောက်မှုများဖြစ်ပွားကာသေဆုံးခြင်း၊ ဒဏ်ရာအနာတရဖြစ်ပွားခြင်းများ မြို့နယ်အတော်များများတွင် ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ ကော်ရှူ သုံးစွဲခြင်းကြောင့် စာရိတ္တပျက်ပြားခြင်း၊ ကျန်းမာရေးမကောင်းခြင်း၊ လူငယ်များ၏ အနာဂတ်မျိုးဆက်သစ်များ မူးယစ်ဆေးဝါး၏ သားကောင်အဖြစ်ဖြင့် အဆုံးရှုံးမခံဘဲ ပညာပေးရေးအစီအစဉ်များ မိဘပြည်သူများနှင့် လက်တွဲကာ လမ်းမှန်သို့ရောက်အောင် ကူညီပေးပြီး ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်သင့်ကြောင်း တင်ပြအပ်ပါသည်။ **(၁၀၈)**

လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးသူ ကားတိုက်ခံရ၍ သေဆုံး

ရန်ကုန် ဇန်နဝါရီ ၃၁

ဇန်နဝါရီ ၂၈ ရက် ညနေ ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ၁၀မိုင်ကုန်းထိပ်မှတ်တိုင်အနီး လူကူးမျဉ်းကျားတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ရွှေပန်းကျေးရွာနေ အသက် (၆၀)ခန့်ရှိ ဒေါ်အေးမေသည် ၁၀မိုင်ကုန်းထိပ် မျဉ်းကျားမှဖြတ်ကူးစဉ် ၈ မိုင်လမ်းဆုံဘက်မှ မင်္ဂလာဒုံဘက်သို့ ပြည်လမ်းအတိုင်း အရှိန်ပြင်းစွာ မောင်းနှင်လာသော ၈ယ/. . . Light truck အဖြူရောင် (ယာဉ်မောင်းစုံစမ်းဆဲ)က ဝင်တိုက်မိပြီး ယာဉ်မောင်းမှာ မောင်းပြေးသွားခဲ့သည်။

ယာဉ်တိုက်မိသည့်အရှိန်ကြောင့် ဒေါ်အေးမေ၏ယာဘယ်ခြေထောက်များ ဖူးရောင်စုတ်ပြဲကျိုးပဲ့ဒဏ်ရာ၊ လက်မောင်းစုတ်ပြဲဒဏ်ရာများရရှိပြီး အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရာ ယင်းနေ့ည ၉ နာရီခန့်တွင် ရရှိထားသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုကို အင်းစိန်မြို့နယ် နယ်မြေ(၁) ယာဉ်ထိန်းတပ်ဖွဲ့မှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(ခေတ်လူ)**

မီးဘေးကျောင်း မမေ့ခင်တား

မြန်မာသခွားမွှေးများ တရုတ်ပြည်တင်ပို့

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ် ၁၀ ဧကစိုက်ခင်းတစ်ခုတွင် တရုတ်ပြည်သို့ တင်ပို့ရောင်းချလျက်ရှိသော သခွားမွှေးစိုက်ခင်းတစ်ခုကို စာရေးသူ သွားရောက် သတင်းယူမေးမြန်းကြည့်ရာ စာရေးသူက "ဒီသခွားတွေကို ဘယ်ကိုတင်ပို့ရောင်းချပြီး ဘယ်ဈေးရောင်းရတယ်ဆိုတာ ပြောပြပေးပါခင်ဗျာ"ဟု မေးမြန်းရာ သခွားစိုက်တောင်သူ ဦးဘိုလွင်နှင့်ညီက "ကျွန်တော်တို့ သခွားစိုက်ခင်းက တရုတ်ပြည်အသွား ခရီးအစလို့ ဆိုရမယ့် မြစ်ငယ်-ထုံးဘို ဖြတ်လမ်းကနေ မူဆယ်မြို့ကို ရှေးဦးစွာတင်ပို့ပါတယ်။ မူဆယ်ကတစ်ဆင့် တရုတ်နယ်စပ်မြို့ ကြယ်ဂေါင်ကို အဓိကထားတင်ပို့နေရတယ်။ သခွားမွှေးတစ်ကီလိုကို တရုတ်ငွေ ၄ ဒသမ ၅ ယွမ်ပေါက်ဈေးရှိပါတယ်။ ကျွန်တော်တို့ စိုက်ခင်းက ထွက်ရှိတဲ့ သခွားမွှေးတစ်လုံးဟာ ၂ ကီလိုကနေ ၂ ကီလိုခွဲအထိရှိပါတယ်။ ဆိုရရင်တော့ သခွားမွှေးတစ်လုံးဟာ ကိုးယွမ်ကျော် ပေါက်ဈေး အနည်းဆုံးရှိနေပြီ။ ကျွန်တော်တို့စိုက်ခင်းကထွက်ရှိတဲ့ သခွားမွှေးကို တရုတ်ပြည် ယူနန်ပြည်နယ် မြို့တော်ကူမင်းမြို့က အလွန်ကြိုက်နှစ်သက်တယ်လို့ ကျွန်တော်တို့ရဲ့မိတ်ဆွေ တရုတ်ကုန်သည်များထံမှ သိရပါတယ်။ သိပ်မကြာခင် တရုတ်ပြည်မှာ တရုတ်နှစ်သစ်ကူး ပွဲတော်ကိုလည်း ကျင်းပတော့မှာမို့ ကျွန်တော်တို့ စိုက်ခင်းမှာ အရင် ခူးဆွတ်လုပ်သား ၂၀ ကနေ အခုဆို ၃၀အထိ တိုးထားရပါတယ်။ ကျွန်တော်တို့ ဒီစိုက်ခင်းတွေအပြင် စဉ့်ကိုင်မြို့နယ် မြစ်ငယ် တံတားတောင်ဘက် မြောက်ကိုင်းကျေးရွာနဲ့ စိတ္တရရွာတွေမှာလည်း ဧက ၃၀ စိုက်ခင်းရှိပါတယ်။ ပြီးတော့လည်း မြန်မာကျပ်ငွေ ၁၀၀၀ နှင့် မှတ်ပုံတင်ပြပြီး တရုတ်ပြည် ကြယ်ဂေါင်မှာ တစ်နေ့တာ လည်ပတ်ခွင့်ရပြီမို့ အရောင်းအဝယ်လည်း ပိုမိုတွင်ကျယ်လာပါတယ်။ မြန်မာသခွားမွှေးတွေကို တရုတ်ပြည်ကို လှိုင်လှိုင်ကြီး တင်ပို့နိုင်ပြီပေါ့ဗျာ" ဟု ရှင်းပြသည်။

တစ်ဖန် သခွားစိုက်ပညာရှင် ဦးစံလှကလည်း "ကျွန်တော်တို့ ဒီသခွားမွှေးတွေကို မစိုက်ပျိုးမီ ထယ်ရေးပြင်ချိန်မှာ နွားချေးတွေ၊ ဆိတ်ချေးတွေနဲ့ ပက်ကြဲပေးရပါတယ်။ စိုက်ပျိုးချိန်မှာတော့ ၁၅ပတ်လည် မြင်းခေါင်းခတ်မြေဩဇာနဲ့သမအောင် ထွန်ယက်ရပါတယ်။ သခွားမွှေးအပင်များကို ပေါင်တန်းစနစ်နဲ့ စိုက်ပျိုးပြီး ပလတ်စတစ်အကြည်များနဲ့ ဖုံးအုပ်ထားရပါတယ်။ တစ်ပေါင်ကို အကျယ်လေးပေနှုန်းနဲ့ တစ်ပေါင်နဲ့ တစ်ပေါင်အကြား ရှစ်ပေခွာ စိုက်ပျိုးပြီး ရက်ပေါင်း ၈၀ ကျော်မှာ ခူးဆွတ်နိုင်ပါပြီ။ သခွားမွှေးစိုက်ခင်း တစ်ဧကကို ၁၀ တန် ထွက်ရှိပါတယ်"ဟု ရှင်းပြခဲ့သည်။ **မောင်မောင်စိုး(မြစ်ငယ်)**

မကွေးသို့မြစ်ကြောင်းမှ ကျောက်ရဲစ ငရုတ်များဝင်

မကွေးမြို့ ဈေးရပ်ဆိပ်ကမ်းတွင် ဧရာဝတီအနောက်ဘက်ကမ်း ကျေးရွာများမှထွက်ရှိသော ကျောက်ရဲစ ငရုတ်များကို အဝယ်ဒိုင်များဖွင့်၍ ဝယ်ယူနေပုံကို ကွင်းဆင်းလေ့လာ သိရှိခဲ့ရသည်။

ဧရာဝတီမြစ် အနောက်ဘက်ခြမ်း မင်းဘူးမြို့နယ် ကျောင်းတော်ရာ ဆည်မုန်း၊ ခုံစု၊ ကျောင်းကုန်းကျေးရွာများအပြင် စလင်း၊ ဆင်ဖြူကျွန်းဒေသရှိ ကျေးရွာများမှ ငရုတ်သီးများကို စက်လှေများဖြင့် မကွေးဈေးကွက်တွင် ရောင်းချရန် နေ့စဉ်ဝင်ရောက်လျက်ရှိသည်။ အချို့ အဝယ်ဒိုင်များမှာ ပွဲစားများကို ငရုတ်သီးထွက်သော ကျေးလက်များအထိ စေလွှတ်ကာ ငရုတ်များကို ဝယ်ယူသည်။ အချို့ဒိုင်များကမူ ဆိပ်ကမ်းကပ်လာသော ငရုတ်စက်လှေများကို ဘောက်သောက်ဝယ်ယူကြသည်။

ငရုတ်အဝယ်ဒိုင် ပိုင်ရှင်တစ်ဦးက "ဝင်လာတဲ့ငရုတ်တွေကို ကျောက်ရဲစလို့ခေါ်တယ်၊ ငရုတ်တွေက အရည်အသွေးအမျိုးမျိုးရှိတယ်။ အစိုဆိုရင် နှစ်နေလှန်း၊ သုံးနေလှန်းပြီး ဖလံဖြူ၊ ဖလံကျားနဲ့လုံးမာတွေကို ရွေးရတယ်၊ ဈေးကတော့ အမျိုးမျိုးပဲ၊ ငရုတ်ရဲ့ အရည်အသွေးကိုကြည့်ပြီး အစိုတစ်ပတ်ရစ်ဆိုရင် တစ်ပိဿာ ကျပ် ၁၂၀၀ဈေးပေးတယ်။ အခြောက် (တင်ဖြစ်) ဆိုရင်ကျပ် ၁၅၀၀၊၁၆၀၀ ဈေးအထိပေးတယ်၊ တင်ဖြစ်ဆိုတာက အိတ်ထဲသွင်းပြီး တန်းပို့လို့ရတဲ့ ငရုတ်ကိုခေါ်တာ၊ အခြောက်လှန်းစရာ မလိုဘူး။ ငရုတ်က အလျော့ရှိတယ်၊ ရန်ကုန်အရောက် တစ်ပိဿာကို၂၀ ကျပ်သား လျော့တယ်၊ တစ်ခါတလေ ၃၅ ကျပ်သားအထိ လျော့တယ်၊ ဒီတော့ ငရုတ်ဝယ်တဲ့အခါ အလျော့ပါတွက်ပြီး ရန်ကုန်ဈေးနဲ့ ညှိဝယ်ရတယ်" ဟုရှင်းပြသည်။

မကွေးဆိပ်ကမ်းသို့ တစ်နေ့လျှင် ငရုတ်ပိဿာချိန် ၂၀၀၀ခန့် အဝင်ရှိပြီး ရန်ကုန်၊ ပြည်၊ မြင်းခြံ ဈေးကွက်များသို့ တင်ပို့ကြသည်။ ငရုတ်ဝယ်သောရာသီမှာ တပေါင်းလဆိုလျှင် ငရုတ် အဝင်နည်းသွားပြီး ရာသီကုန်သွားသည်။ ငရုတ်တစ်အိတ်တွင် ပိဿာ ၂၀ ရှိပြီး ကုန်သည်များအနေဖြင့် တစ်နေ့လျှင် ငရုတ်အိတ် ၁၀၀ မှ ၂၀၀ အထိ ရန်ကုန်ဈေးကွက်သို့ ပို့ကြကြောင်း သိရသည်။ **(မကွေးလှမြင့်)**

စီးပွားဖြစ်မှိုမျိုးစုံ စိုက်ပျိုးရေး သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

နေရာအကျယ်အဝန်း အသင့်အတင့်ဖြင့် စိုက်ပျိုးလုပ်ကိုင်နိုင်သည့် နည်းပညာတစ်ခုမှာ မိသားစု တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်သည်အထိ အကျိုးရှိသည့် မှိုမျိုးစုံ စိုက်ပျိုးရေးသင်တန်းပင် ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနက စီးပွားဖြစ် မှိုမျိုးစုံ စိုက်ပျိုးရေးသင်တန်းကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် နည်းပညာကို လက်ဆင့်ကမ်း ဖြန့်ဝေပေးလျက်ရှိသည်။

ယခုလည်း စီးပွားဖြစ်မှိုမျိုးစုံ စိုက်ပျိုးရေးရက်တိုသင်တန်းကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအတွင်း မှိုအမျိုးမျိုး မွေးမြူစိုက်ပျိုးနည်းများကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်း တက်ရောက်လိုသူများ ရန်ကုန်မြို့ ပြည်လမ်း (၉)မိုင်ရှိ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။

သို့ဖြစ်ရာ မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုနည်းပညာကို လက်တွေ့သင်ကြားပြီး ကိုယ်တိုင်စီးပွားဖြစ်မွေးမြူထုတ်လုပ်လိုသူများအတွက် အခွင့်အရေးကောင်းတစ်ရပ်ဟု မှတ်ယူကာ လက်မလွှတ်တမ်း တက်ရောက်လေ့လာသင်ယူသင့်ပါကြောင်း အသိပေးလိုက်ရပါသည်။ **(မွန်လေး)**

လယ်ယာသုံးစက်ကိရိယာ သရုပ်ပြပွဲကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၃၁

တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်တွင် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ် ထိရောက်စွာ အသုံးချနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ လက်တွေ့မောင်းနှင်ခြင်းနှင့် ပညာပေးသရုပ်ပြပွဲကို ဇန်နဝါရီ ၂၆ ရက်က မွန်ပြည်နယ် မုဒုံမြို့နယ် ဗဟိုစိုက်ပျိုးရေးခြံတွင် ကျင်းပသည်။

သရုပ်ပြပွဲတွင် လယ်ယာသုံး စက်ကိရိယာများ အသုံးပြုခြင်း အကျိုးကျေးဇူးနှင့်စနစ်ကျလယ်မြေ ဖော်ထုတ်ခြင်း အကျိုးကျေးဇူးများကို မွန်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူး၊ မော်လမြိုင်ခရိုင်ဦးစီးဌာနမှူးနှင့် အမှတ်(၅၄) စက်မှုလယ်ယာစခန်း၊ မော်လမြိုင်မြို့မှ မြို့နယ်ဦးစီးဌာနမှူးတို့က ရှင်းလင်းပြသပြီး သရုပ်ပြပွဲကို ကျင်းပခဲ့သည်။

စက်မှုလယ်ယာဦးစီးဌာန မွန်ပြည်နယ်အနေဖြင့် လယ်ယာသုံး စက်ကိရိယာများကို ဌာနလက်ငင်းစနစ်၊ အရစ်ကျစနစ်ဖြင့် လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်စနစ်ဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိပြီး စက်မှုလယ်ယာဦးစီးဌာန၊ မွန်ပြည်နယ်အတွင်းရှိ စက်မှုလယ်ယာ စခန်းများနှင့် ဆက်သွယ်၍ ဝယ်ယူနိုင်ကြောင်းသိရသည်။ **မောင်မောင်သန်း**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မိုးကုတ်မြို့၊ မြို့မရပ်ကွက်နေ သုဓမ္မသိင်္ဂီ ဒေါ်ကလာဝတီ၏ခင်ပွန်း နန္ဒာအောင် မိုးကုတ် ဂျမ်းစ်ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ သုဓမ္မမဏိဇောတဓရ ဦးနန္ဒသည် ၄-၁-၂၀၁၃ ရက်တွင် နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ဖြင့် **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခြင်းခံရသည့်အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုးအား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

နန္ဒဝသီလူမှုရေးထူးချွန်ဆုချီးမြှင့်ရေးအဖွဲ့

လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မိုးကုတ်မြို့၊ မြို့မရပ်ကွက်နေ သုဓမ္မသိင်္ဂီ ဒေါ်ကလာဝတီ၏ခင်ပွန်း နန္ဒာအောင် မိုးကုတ် ဂျမ်းစ်ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ သုဓမ္မမဏိဇောတဓရ ဦးနန္ဒသည် ၄-၁-၂၀၁၃ ရက်တွင် နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ဖြင့် **သီဟသုဓမ္မမဏိဇောတဓရ**ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခြင်းခံရသည့်အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုးအား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးမောင်ဝင်း-ဒေါ်ဂိုမာဒေဝီ

တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းလင်းလင်းအောင် ၃/ကကရ(နိုင်) ၁၃၀၃၃၆၏ဖခင်မှာ ဦးငွေလာ(ခ) ဦးနိုင်လာ ၃/ကကရ(နိုင်)၀၁၈၉၀၄ ဖြစ်ပါကြောင်း။ **ဦးငွေလာ(ခ)ဦးနိုင်လာ**

တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နေ စောဇော်မျိုးမင်း၏ ဖခင်အမည်မှန်မှာ ဦးအတော(ခ) ဦးစိန်မြသန်း ၃/ဘအန(နိုင်)၃၃၀၂၂၇ ဖြစ်ပါကြောင်း။

MOTHER'S SON အိမ်အလှဆင်ပစ္စည်းရောင်းဝယ်ရေး

နေအိမ်အတွင်း နံရံနှင့် မျက်နှာကျက်များတွင် အိမ်သုတ်ဆေးအသုံးပြုရန် မလိုသည့် အရည်အသွေးမြင့် ဒီဇိုင်းစုံ Wall Paper များကို မည်သည့်နေရာမှ မရနိုင်သည့် ဈေးနှုန်းဖြင့် လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးခြင်း၊ အိမ်တိုင်ရာရောက် လိုက်လံအလှဆင်ပေးခြင်းတို့ကို Customer များစိတ်တိုင်းကျ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ဒီဇိုင်းစုံ စတီးလ်တံခါးများ၊ ဘေစင်၊ ဘိုထိုင်နှင့် ရေပိုက်ခေါင်းအမျိုးမျိုးတို့ကိုလည်း လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးနေပါသည်။ Wall Paper ဆို ဒီဇိုင်းစုံ

Special Promotion Wall Paper (၁)လိပ်ကို ယခင် ~~၁၇၀၀၀~~/- ➡ ယခု ၈၅၀၀/-

Mother's Son မှာ ဈေးနှုန်းချို

ရန်ကုန်မြို့ - အမှတ်(၄၉၀) သိမ်ဖြူလမ်း၊ တန်တော်ကလေးစာတိုက်မှတ်တိုင်၊ (လ.ဝ.က)ရုံးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ Phone : 01-394356,394358,394389,381865

မော်လမြိုင်မြို့ - အမှတ်(၂၅-အေ) ငုံးတေးလမ်း၊ ကွင်းရပ် (ဈေးကြီး အဝိုင်းအနီး)၊ Phone : 09-73522280

အားကစားသတင်း

တစ်ပတ်အတွင်း MNL ပွဲစဉ်များကိုခံစားခြင်း

ရဲရင့်ရှိုင်း

ယမန်နေ့မှအဆက်

ဇေယျာရွှေမြေ-ရန်ကုန်ပွဲမှ ရသည့် သင်ခန်းစာ

အသင်းကြီး နှစ်သင်းတွေ့ဆုံသည့် ဇေယျာရွှေမြေနှင့်ရန်ကုန်တို့ပွဲသည် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပွဲအပြီးတွင် ဆာဆာ၏ပွဲပြီးခါနီးဂိုးဖြင့် ဇေယျာရွှေမြေအနိုင်ရခဲ့သည်။ လေးပွဲဆက်အနိုင်ဖြင့် ဇေယျာရွှေမြေတို့ ထိပ်ဆုံးရောက်လာသည်။ ဇေယျာရွှေမြေအသင်း၏နိုင်ပွဲက ထိုက်တန်ပါသည်။ သို့သော် ပြောစရာတွေအများကြီးရှိသည်။ ဇေယျာရွှေမြေ အသင်းကို အိမ်ရှင်ပရိသတ်များ ကွင်းလုံးပြည့် လာရောက်အားပေးသည်။ ကိုယ့်အသင်းအနိုင်ရဖို့ အားပေးခြင်းသည် ကောင်းပါသည်။ အလွန်အကြူးမဖြစ်ရန်တော့လိုသည်။ အားပေးရင်းအားပေးရင်းက ကွင်းထဲကို အရာဝတ္ထုပစ္စည်းများ ရောက်လာသည်။ ဒုတိယပိုင်းတွင် ပွဲကိုနှစ်ကြိမ်တိုင်တိုင် ရပ်နားခဲ့ရသည်။ ဤနေရာမှာပြောချင်သည်မှာ တာဝန်ကျ လုံခြုံရေးများက ဖြစ်ပွားရာနေရာတွင် ရှိမနေ။ လုံခြုံရေးများက အဝေးရောက်နေသဖြင့် ပရိသတ်များက ပိုဆိုးကုန်သည်။ ဇေယျာရွှေမြေအသင်း တာဝန်ရှိသူများ ကိုယ်တိုင် ကွင်းထဲဝင်ပြီး ထိန်းရသည်။ ဤကဲ့သို့သော ပရိသတ်များကို MNL ပွဲစဉ် များတွင် မကြာခဏတွေ့ဖူးသည်။ နောက်တစ်ခုပြောချင်သည်မှာ ဇေယျာရွှေမြေပရိသတ်ကိုပဲမဟုတ်။ အသင်းတိုင်း၏ ပရိသတ်များကို ပြောလိုခြင်း ဖြစ်သည်။ လက်ရှိတွင် မြန်မာကလပ်များသည် AFC CUP ပြိုင်ပွဲကို ကစားခွင့်ရထားသည်။ အိမ်ကွင်း၊ အဝေးကွင်း ကစားနေရသည်။ နိုင်ငံတကာပြိုင်ပွဲများတွင် ယင်းသို့ဖြစ်ရင် မကောင်းပါ။ အိမ်ကွင်း အပိတ်ခံရမှုနှင့်အတူအခြားပြစ်ဒဏ်များ တန်းစီလာနိုင်သည်။ အသင်းများအနေနှင့်လည်း ကိုယ့်အသင်း ပရိသတ်များကို ပညာပေးသင့်သည်။ MFF ကလည်း ယင်းဖြစ်ရပ်ကို အရေးယူမှုများ ပြုလုပ်မည်ဟု သိရသည်။ ပရိသတ်များကလည်း မိမိတို့၏ အလွန်အကြူးအားပေးမှုကြောင့် မိမိတို့အသင်း ဒုက္ခရောက်မည့်၊ အရှုံးရမည့်ကိစ္စများကို ရှောင်သင့်သည်ဟု အကြံပေးလိုသည့်ကလပ်အသင်းများ၊ ကစားသမားများ ပရိုပီသရန်လုပ်ဆောင်နေချိန်တွင် ပရိသတ်များကလည်း ပရိုပီသသင့်ပေသည်။

ရတနာပုံအသင်း လေ့ကျင့်ရေးကွင်းမှ နည်းပြချုပ် ဆားဘီးယားလူမျိုး ဘောရစ်ဘန်ဂျက်။

အဆိပ်ရှိသည့်အသင်းများ

ပြီးခဲ့သည့်တစ်ပတ်က ပြောခဲ့ဖူးသည်။ MNL တွင် အသင်းငယ်ဆိုသည်မရှိ၊ အားလုံးက အဆိပ်တွေနှင့်၊ ပွင့်ပွင့်လင်းလင်းဝန်ခံရလျှင် ရာသီမစခင်က ဆောက်သမ်းအသင်းကို အထင်မကြီးခဲ့။ ပြည်တွင်းကစားသမားများဖြင့် နိုင်ငံခြားသားမပါ။ သို့သော်လည်း လေးပွဲကစားအပြီးတွင် နိုင်ပွဲနှစ်ပွဲရရှိခဲ့သည်။ ပွဲဦးထွက်ပွဲတွင် ကမ္ဘောဇကို အဝေးကွင်း၌နိုင်သကဲ့သို့ ပွဲစဉ် (၄)တွင် ရခိုင်ကို နှစ်ဂိုးပြတ် သွင်းခဲ့သည်။ နည်းပြကင်ဝေါလ်ဒန်က အရည်အချင်းရှိသည်ဟု ဆိုချင်သည်။ နာမည်ကြီး ကစားသမားများမပါသော်လည်း ပြိုင်ဘက်များ အထင်မသေးအောင် လုပ်ပြထားသည်။ နောက်တစ်သင်းက ဇွဲကပင်ယူနိုက်တက်ဖြစ်သည်။ ယခုရာသီမစခင်တွင် အသင်းကို သေချာပြင်ဆင်ထားသည်။ ခေါ်ထားသည့် နိုင်ငံခြားသားကစားသမားများက အကျိုးပြုနိုင်သည်။ နိုင်ငံခြားနည်းပြ ယိုအန်နှင့် လမ်းခွဲပြီး CEO ဖြစ်သူ ဦးအေးမောင်ကြီးအား အသင်းနည်းစနစ်ပိုင်းကို ပံ့ပိုးပေးခိုင်းခြင်းကလည်း မှန်ကန်သည့်လုပ်ရပ်ဖြစ်သည်။ ဦးအေးမောင်ကြီးသည် ရွှေခေတ်ဘောလုံးသမား တစ်ဦးဖြစ်သကဲ့သို့ နည်းပြ အတွေ့အကြုံရှိသူလည်းဖြစ်သည်။ ပြိုင်ပွဲအစ နှစ်ပွဲဆက်တိုက် ရှုံးခဲ့သော်လည်း ရခိုင်ကို တစ်ဂိုး-ဂိုးမရှိ၊ အသင်းကြီးရတနာပုံကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် ဆက်တိုက်နိုင်သည်။ ပွဲစဉ်(၄)အပြီးတွင် ဤနှစ်သင်းစလုံး အမှတ်ပေးဇယားထိပ်ပိုင်းသို့ရောက်လာသည်။ ယခုတစ်ပတ်တွင် မကွေးအသင်းလည်း နှစ်ပွဲဆက်သရေကျသည်။ မနောမြေလည်း နိုင်ပွဲမရသေး။ ကမ္ဘောဇအသင်းကမူ ဧရာဝတီကို သုံးဂိုးပြတ်သွင်းပြီး နိုင်ပွဲဆက်သည်။ သုံးပွဲဆက်သရေကျပြီး ရလဒ် ဆိုးရွာနေသည့် ဧရာဝတီလည်း နိုင်ပွဲရှာမတွေ့။ ပထမဆုံး ရှုံးပွဲတွေ့သည်။

မြန်မာ-ဖိလစ်ပိုင်ခြေစမ်းပွဲကြောင့် ယခုတစ်ပတ် စနေ၊ တနင်္ဂနွေနေ့တွင် MNL ပွဲစဉ်များရှိမည် မဟုတ်။ MNL နားသဖြင့် တစ်ပတ်အတွင်း MNL ပွဲစဉ်များ ခံစားခြင်းကိုလည်း တစ်ပတ်ရပ်နားပါမည်။

ရီးရဲမက်ဒရစ်က ဘာစီလိုနာကို သရေကစား

ဖိအားပေးခံနေရသော ဟိုဆေးမော်ရင်ညို၏ ရီးရဲမက်ဒရစ်အသင်းသည် ပြိုင်ဘက်ဘာစီလိုနာအသင်းနှင့် ကိုပါဒယ်ရေးဖလား ပထမအကျော့တွင် ဂိုးမရှိ သရေပွဲဖြစ်သွားခဲ့သည်။ ဘာစီလိုနာက ဘာနေဗျူး၌ ကစားခဲ့သည့် ယင်းပြိုင်ပွဲ ပထမပိုင်းတွင် ရီးရဲမက်ဒရစ်ကို ဦးဆောင်ကစားခဲ့သည်။ ဒုတိယအကျော့ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် နျူးကင့်(မ်) ၌ ဒုတိယအကျော့ကစားရမည်ဖြစ်သည်။ အခြားသော အကြိုဗိုလ်လုပွဲအဖြစ် အက်သလက်တီကိုမက်ဒရစ်နှင့် ဆီဗီလာတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

တိုဂို ပထမဆုံးအကြိမ် ကွာတားတက်

တောင်အာဖရိကနိုင်ငံ၌ ကျင်းပလျက်ရှိသော အာဖရိနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲတွင် တိုဂိုအသင်းက တူနီးရှားအသင်းကို တစ်ဖက်တစ်ဂိုးစီ သရေကစားပြီး ပထမဆုံးအကြိမ်ခြေစစ်ပွဲအောင်သွားပြီဖြစ်သည်။ တိုဂိုအသင်းက ပွဲစပြီး ၁၃ မိနစ်အကြာ အဒီဘာယော၏ ဖန်တီးပေးမှုဖြင့် ဂတ်ပီက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးကို တူနီးရှားအသင်းမှ မော်ဟီက မိနစ် ၃၀ အကြာတွင် ချေပဂိုးရရှိခဲ့သည်။ အနောက်အာဖရိကမှ တိုဂိုအသင်းသည် ဖေဖော်ဝါရီ ၃ ရက် ကွာတားဖိုင်နယ်တွင် ဘာကီနာဖာဆိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အင်တာကွင်းလယ်ကစားသမား လီဗာပူးစာချုပ်

အင်တာမီလန်အသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ဖီးလစ်ကောင်တင်ညိုအား လီဗာပူးက ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းခွဲဖြင့် ခေါ်ယူ စာချုပ်လိုက်ပြီဖြစ်သည်။ "ကျွန်တော် အလွန်ပျော်ရွှင် ခံစားခဲ့ရပါတယ်။ ဒီလို ပြောင်းရွှေ့ခဲ့တာဟာ ကျွန်တော့်ဘဝအတွက် အလွန်အရေးကြီးပါတယ်"ဟု အသက် ၂၀ ရှိ ဖီးလစ်ကောင်တင်ညိုက လီဗာပူးဝက်ဘ်ဆိုက်တွင် ပြောကြားသည်။ ဘရာဇီးအသင်းတွင် တစ်ပွဲသာ ပါဝင်ကစားရသေးသော ကွင်းလယ် ကစားသမား ကောင်တင်ညိုအား အင်တာမီလန်က ၂၀၀၈ ခုနှစ်တွင် ပေါင် ၄ သန်းဖြင့် ဝယ်ယူခဲ့သည်။

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ သားဖွားခန်းသို့ အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ သားဖွားခန်းသို့ အလှူငွေများပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၁၀နာရီက ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ အစည်းအဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်ဒေါ်စဝ်နွမ်းခွန်ဆမ်က ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကထံ ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ နာယက ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအတွက် ငွေကျပ်သုံးသိန်း၊အလှူရှင်များက ငွေကျပ်သိန်း ၇၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါ(Open Tender)
ခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကွပ်ကဲမှုအောက်ရှိ အထူးအဖွဲ့များနှင့် ခရိုင်အဖွဲ့များတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့် ကတ္တရာများအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ကတ္တရာ(၈၀/၁၀၀)	၆၇၀.၁၁ တန်

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၁-၂-၂၀၁၃ရက် (တနင်္လာနေ့)
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၄း၃၀နာရီ
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက် - ၁၄-၂-၂၀၁၃ရက် (ကြာသပတေးနေ့)
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်အချိန် - ၁၀း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁-၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ရခိုင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အင်ဂျင်နီယာမှူးကြီးရုံး
ဖုန်း-၀၄၃-၂၃၃၆၅၊ ၀၄၃-၂၂၁၅၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ၊ တိုက်အမှတ် Shop House အခန်းအမှတ် (SH-11)ကို ခေတ်ရွှေ့ဆောင်ကုမ္ပဏီလီမိတက်မှ ဦးသိန်းထွန်းဝင်း အမည်ဖြင့် ရောင်းချခဲ့ပြီး အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာ ထုတ်ပေးပါရန် ကုမ္ပဏီမှလျှောက်ထားလာပါသည်။

တိုက်ခန်းနှင့်ပတ်သက်၍ နေထိုင်ခွင့် အကြောင်းကြားစာ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်ရန်ရှိပါက စာရွက်စာတမ်းများတင်ပြ၍ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ မြေတိုင်း(၃)၊ ရန်ကုန်-မန္တလေးလမ်းဘေးရှိ မြေကွက်အမှတ် ၂၄၊ ဦးအောင်ဆန်းမြင့်အမည်ပေါက် ဂြိုဟ်ရန် ခြကိုက်ဖျက်ဆီးခံရပါသဖြင့် အသစ်ထပ်မံ လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါပြီး ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးအောင်ဆန်းမြင့်
၇/ပခန(နိုင်)၁၇၃၂၉၄

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သံသုမာလမ်း၊ အမှတ် (၆၅/၇၀)ဟုခေါ်တွင်သော ချမ်းသာဂုဏ်ရောင် အဆင့်မြင့်အိမ်ရာ၊ ကွန်ဒိုအခန်းအမှတ် (၁၀-၄)တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ် လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူဖြစ်သော ဒေါ်ခင်မျိုးအိ(ခ)မယ်လိုဒီ ၁၂/တတန(နိုင်)၁၅၈၃၃၈ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးစိုးမော် ၁၂/တမန(နိုင်)၀၀၄၄၈၈က ၂၉-၁-၂၀၁၃ ရက်စွဲပါ နှစ်ဦးသဘောတူ ကွန်ဒိုတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန်အတွက် ကတိစာချုပ် ချုပ်ဆို၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်ထွေး(LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၈၃၀၀)
အမှတ် (၇၇/မြေညီ)၊ ၃၈ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

IKBZ Insurance Company Ltd.

Vacancy announcement

(Local Service Only) (Salary in Kyats)

The IKBZ Insurance Company Ltd. is seeking for qualified applicants willing to work with strong determination and keen interest. The IKBZ Insurance Company Ltd is happy to announce vacancies for the following positions:

(Interview may be conducted in English)

1. **Finance Manager** (1 Post) Male / Female
   Requirements are :
   - B.Com, CPA or equivalent
   - Experience in Insurance industry will be preferable
   - Able to work under stress
   - knowledge on computerized accounting
   - At least five years in related field
   - Age between 35 and 55
2. **Sales and Marketing Manager** (1 Post) Male / Female
   Requirements are :
   - University degree, Sales / Marketing Diploma (MBA will be preferable)
   - Good managerial and leadership skills
   - Experience in Insurance industry will be preferable
   - At least three years in related field
   - Able to work under stress
   - Age under 40
3. **Admin Staff** (10 Post) Male / Female
   Requirements are :
   - University degree or equivalent
   - Good managerial skills and knowledge
   - Age under 35
4. **Sales Executive** (10 Post) Male / Female
   Requirements are :
   - University degree / related Sales certificates
   - Sales supervisory skills
   - Good communication skills and knowledge
   - Age under 35
5. **Marketing Executive** (5 Post) Male / Female
   Requirements are :
   - University degree / related Marketing certificates
   - Good Marketing skills and knowledge
   - Age under 35
6. **Accountant** (5 Posts) Male / Female
   Requirements are :
   - B.Com, B.Act, DA, or LCCI Level III or equivalent
   - Computerized accounting skills and knowledge
   - Age under 35
   - Good communication skills
   - Able to work under stress
   - At least three years experience in related field
7. **IT Staff** (5 Posts) Male / Female
   Requirements are :
   - Computing degree / Computing Certificate
   - At least two years experience in related field
   - Good computer skills and knowledge
   - Age under 35

Candidates must possess English proficiency (both spoken and written), good communication skills along with computer knowledge. Interested candidates must send a cover letter together with the followings:

1. Relevant Certificates
2. Other testimonial documents
3. Copy of Labor registration card and Household registration
4. Recommendation from respective Police Station

These must be sent no later than 15th February, 2013 to the following address:
No.608, Bosoonpat Condo, Corner of Merchant Road & Bosoonpat Street, Pabedan Township, Yangon. Tele:09 732-43551, 09 732-50173

နိုင်ငံတကာအားကစားသတင်း

သရေရလဒ်နှင့်ကျေနပ်ခဲ့ရတဲ့ ချယ်လ်ဆီး၊ အာဆင်နယ်နှင့် လီဗာပူး အိုးထရက်ဖို့ဒ်မှာ အောင်ပွဲခံခဲ့တဲ့ မန်ယူ

မိုးမြင့်လင်းလက်-ရေးသားသည်

ပရီမီယာလိဂ်ပွဲစဉ်(၂၄)ကို ဇန်နဝါရီ ၃၁ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ မန်ယူတို့အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ အောင်ပွဲခံနိုင်ခဲ့တာမို့ ဒုတိယနေရာက မန်စီးတီးကို ခုနစ်မှတ်ကွာဖြတ်နိုင်ခဲ့ပြီး တန်းစီဇယားထိပ်ဆုံးက ဦးဆောင်လျက်ရှိပါတယ်။ ဒီတစ်ပတ်ပွဲစဉ်မှာတော့ ထိပ်တန်းအသင်းတွေဖြစ်တဲ့ မန်စီးတီး၊ ချယ်လ်ဆီး၊ လီဗာပူးနဲ့ အာဆင်နယ်တို့ ယိမ်းတိုက်ထားသလို သရေပွဲတွေချည်းဖြစ်ခဲ့တာကလည်း အံ့သြစရာကောင်းလောက်အောင် မန်ယူကို မျက်နှာသာပေးသလို ဖြစ်ခဲ့ပြန်ပါတယ်။

မန်ယူ ၂-၁ ဆောက်သမ်ပတန်

မန်ယူဟာ ဖလားရယူရေးအတွက် အတိမ်းအစောင်းမဖြစ်အောင် စနစ်တကျပြင်ဆင်ကစားခဲ့တာမို့ ရလဒ်ကောင်းကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် အထင်ရှေးတတ်တဲ့ ထုံးစံအတိုင်း မန်ယူတို့ပွဲချိန် ၃ မိနစ်မှာပဲ ဆောက်သမ်ပတန်မှ ရိုဒရီဂွက်ဇ်၏အဖွင့်ဂိုးသွင်းယူမှု ခံခဲ့ရပါတယ်။ မန်ယူတို့ချက်ချင်း ထိုးဖောက်တိုက်စစ်ဆင်ခဲ့လို့ ပွဲချိန် ၈ မိနစ်မှာ ရွန်းနေက ချေပဂိုးပြန်သွင်းယူနိုင်ခဲ့ပြီး တစ်ဂိုးစီဖြစ်နေခဲ့ပါတယ်။ မန်ယူက ဆက်တိုက်ဖိအားပေးပြီး ဂိုးသွင်းနိုင်ရေးကြိုးစားခဲ့တာမို့ ပွဲချိန် ၂၇ မိနစ်မှာ ရွန်းနေက မန်ယူအတွက် ဒုတိယဂိုးကို သွင်းယူပေးနိုင်ခဲ့ပြန်ပါတယ်။ မန်ယူဟာ ဒုတိယပိုင်းပွဲချိန်အတွင်းမှာ ပုံမှန်ကစားအားအတိုင်း ကစားခဲ့တာမို့ ဂိုးတွေထပ်မံမသွင်းနိုင်တော့ဘဲ ပွဲအပြီးမှာ နှစ်ဂိုး-တစ်ဂိုးရလဒ်နဲ့ပဲ ကျေနပ်ခဲ့ရခြင်းဖြစ်ပါတယ်။

အာဆင်နယ် ၂-၂ လီဗာပူး

ဧည့်သည်လီဗာပူးတို့ရဲ့ လျှပ်တစ်ပြက် တိုက်စစ်ဆင်မှုကတစ်ဆင့် ပွဲချိန် ၅ မိနစ်မှာ လီဗာပူးအတွက် ဆွာရက်ဇ်က စောစီးစွာ အဖွင့်ဂိုး သွင်းပေးလိုက်နိုင်ပါတယ်။ အာဆင်နယ်ဟာအိမ်ကွင်းမှာ ကစားရပေမယ့် ပထမပိုင်းပွဲချိန်ပြီးတဲ့အထိ ချေပဂိုးမသွင်းနိုင်ခဲ့လို့ စိုးရိမ်စိတ်တွေများနေခဲ့ပြီး ဒုတိယပိုင်းပွဲချိန် မိနစ် ၆၀ မှာ ဟန်ဒါဆင်က လီဗာပူးအတွက် တစ်ဂိုးသွင်းယူခဲ့တာမို့ နှစ်ဂိုးပြတ်ဖြစ်နေခဲ့ပါတယ်။ ဒါပေမယ့် ချေပဂိုးရရှိရေးကစားအားတင်ခဲ့တာမို့ ပွဲချိန် ၆၅ မိနစ်မှာ ဂီရော့ဒ်က အာဆင်နယ်အတွက် ပထမ ချေပဂိုးသွင်းယူပေးခဲ့လို့ အာဆင်နယ်တို့ အားတက်ခဲ့ပြီး ၆၇ မိနစ်မှာ ဝေါကော့သ်က ဒုတိယချေပဂိုး သွင်းယူပေးခဲ့တာကြောင့် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ကာ ကံကောင်းစွာနဲ့ တစ်မှတ်ရအောင် ယူနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ရက်ဒင်း ၂-၂ ချယ်လ်ဆီး

ရက်ဒင်းက အိမ်ကွင်းမှာ မာမာတင်းတင်းကစားခဲ့တာမို့ ချယ်လ်ဆီးတို့ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ရက်ဒင်းဟာ စိတ်ဓာတ်ပြင်းပြင်းနဲ့ ရင်ဆိုင်ခဲ့တာမို့ ပထမပိုင်းပွဲချိန်ပြည့်ခါနီး ၄၅ မိနစ်ရောက်မှ မာတာက ချယ်လ်ဆီးအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ဒုတိယပိုင်းပွဲချိန်အတွင်းမှာ ရက်ဒင်းတို့ ဟန့်တားမှုကောင်းကောင်းနဲ့ကစားခဲ့ပေမယ့် ပွဲချိန် ၆၆ မိနစ်မှာ လမ်းပတ်က ချယ်လ်ဆီးအတွက် ဒုတိယဂိုးကို သွင်းယူပေးနိုင်ခဲ့တာမို့ နှစ်ဂိုးအသာနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့်ရက်ဒင်းတို့က စိတ်ဓာတ်ကောင်းကောင်းနဲ့ မလျှော့တမ်းကစားခဲ့တာမို့ ပွဲချိန် ၈၇ မိနစ်မှာ ဖန်ဒနီက ပထမချေပဂိုးသွင်းယူပြီး မိနစ် ၉၀ မှာ နောက်ထပ်ချေပဂိုးကိုပါ ထပ်မံသွင်းယူခဲ့တာမို့ ပွဲပြီးခါနီးမှ ချယ်လ်ဆီးတို့ ရေတိမ်နစ်ခဲ့ရခြင်းဖြစ်ပြီး တစ်မှတ်ပိုက်ကာ အိမ်ပြန်ခဲ့ရခြင်းဖြစ်ပါတယ်။

ဖူလ်ဟမ် ၃-၁ ဝက်စ်ဟမ်း

ဖူလ်ဟမ်က ပွဲအစ ၁၀ မိနစ်မှာ ဘာဘာတော့ဗ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၄၈ မိနစ်မှာတော့ နိုလန်က ဝက်စ်ဟမ်းအတွက် ချေပဂိုးသွင်းယူပေးခဲ့တာမို့ တစ်ဂိုးစီဖြစ်နေခဲ့ပြီး ပွဲချိန် ၄၉ မိနစ်မှာ ရိုဒါလီဂါက ဖူလ်ဟမ်အတွက် ဦးဆောင်ဂိုး ပြန်သွင်းယူပေးနိုင်ခဲ့ပြန်ပါတယ်။ ဖူလ်ဟမ်တို့က ဖိကစားခဲ့လို့ ပွဲချိန် မိနစ် ၉၀ မှာ ဝက်စ်ဟမ်းရဲ့ ဘရန်ကဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားတာမို့ ဖူလ်ဟမ်တို့ သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။ ။

အားကစားသတင်း အတိုအထွာ

- အန်ဖိုင်းကလပ်မှ နောက်ခံကစားသမား ခရစ္စတိုဖာဆမ်ဘာ ၂၈ နှစ်အား ကျူပီအာအသင်းက တစ်ပတ်လုပ်ခလစာ ပေါင် ၁၀၀၀၀၀ ပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- စပါးနောက်ခံလူအီကိုတို ၂၈ နှစ်အား အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ခွင့်ပြုမည်ဖြစ်ကြောင်း စပါးနည်းပြ ဗီလက်စ်ဘိုအက်စ်က ထုတ်ဖော်ပြောကြားသည်။
- ဗီလာတိုက်စစ်မှူး ဂျိုနက်စ် ၂၈ နှစ်အား ဆွမ်ဆီးအသင်းသို့ ပြောင်းရွှေ့ခွင့်ပြုမှုအပေါ် ပြန်လည်သုံးသပ်နေကြောင်း ဗီလာနည်းပြ ပေါလ်လမ်းဘတ်က ထုတ်ဖော်ပြောကြားသည်။
- နယူးကာဆယ်မှ နောက်တန်းခံစစ်မှူး အသက် ၂၆ နှစ် အရွယ်ရှိ ဒန်နီဆမ်ပဆင်အား ဝီဂန်၊ ဖူလ်ဟမ်၊ ဝက်စ်ဘရွန်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။
- ဆွမ်ဆီးမှ အသက် ၂၇ နှစ်အရွယ် တိုက်စစ်မှူး ဂရာဟမ်အား ဆန်းဒါးလန်းက ပြောင်းရွှေ့ကြေး ပေါင် ၅ ဒသမ ၅ သန်းဖြင့် ခေါ်ယူမည်ဖြစ်သည်။
- ဝီဂန်နည်းပြရိုဘာတိုမာတီနက်ဇ်က စပါးတက်မော်စကိုအသင်းမှ တောင်ပံကစားသမားအသက် ၂၆ နှစ်အရွယ်ရှိ မက်ဂီရာဒီအား ပြောင်းရွှေ့ကြေးပေါင် ၅ သန်းပေး၍ ခေါ်ယူရန်စီစဉ်လျက်ရှိသည်။
- အာဆင်နယ်အသင်း နောက်ခံကစားသမား ကာလ်ဂျန်ကင်ဆင်အား စတုတ်အသင်းသို့ အငှားချထားလိုက်ပြီဖြစ်သည်။
- တိုလော့ဆီအသင်းမှ ကွင်းလယ်ကစားသမား အီစတိန်းကာပိုးလ် ၂၄ နှစ်အား ကျူပီအာ၊ အဲဗာတန်နှင့် ဝက်စ်ဟမ်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။
- မန်စီးတီးအသင်းမှ တောင်ပံကစားသမား အသက် ၁၈ နှစ်အရွယ်ရှိ အလက်ဟမ်ရှယ်အား အငှားစာချုပ်ဖြင့် ခေါ်ယူရန် ကိုဗင်ထရီအသင်းက ကြိုးစားသွားမည်ဖြစ်သည်။
- ဘိုင်ယန်မြူးနစ်အသင်းဥက္ကဋ္ဌ ရမ်မီနစ်က ဥရောပထိပ်တန်းအသင်းတစ်သင်းအဖြစ်ရောက်ရှိအောင် ပြင်ဆင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- အင်္ဂလန်နည်းပြရွိုင်ဟော့ဆင်က စတားလင်းအား ယူရို ၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ ၌ အင်္ဂလန်အသင်းတွင် ပါဝင်ကစားစေလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် - ရေးသားသည်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မေထုန်မဲ့သားစပ်လုပ်ငန်းတွင် အသုံးပြုရန် အောက်ဖော်ပြပါ ပစ္စည်းနှစ်မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

(က) နိုက်တြိုဂျင်အရည်ထည့်သည့်အိုး (၃ ဒသမ ၅ လီတာ) ၂၀ ခု

(ခ) နိုက်တြိုဂျင်အရည်ထည့်သည့်အိုး (၃၀ လီတာ) ၃၀ ခု

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးအမှတ် ၃၆၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၄၀၈၂၁၉၊ ၀၉-၄၃၀၃၆၆၇၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဦးတင်မောင်ဆွေ

တရားလွှတ်တော်ရှေ့နေ (စဉ်-၃၀၅၂)

[illegible]

အမည်ပြောင်း

အထက(၁) မိတ္ထီလာ၊ သတ္တမတန်း (e) Grade-8 မှ မဆုမြတ်မင်းသိန်းဦး ၉/မထလ(နိုင်)၃၂၆၄၇၉အား မဆုလဲ့နဒီထက်ဟု ပြောင်းလဲခေါ်ပါရန်။

မဆုလဲ့နဒီထက်

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁-၂၀၁၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၁၃ပါ ဒေါ်နန်းသစ္စာ၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် အမှတ် ၄(စီ)၊ မိုးစန္ဒာလမ်း၊ ကမာရွတ်မြို့နယ် အစား အမှတ် ၄၁(စီ)၊ မိုးစန္ဒာလမ်း၊ ကမာရွတ်မြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
လစာနှုန်း (၅၉၀၀၀-၁၀၀၀-၆၄၀၀၀) ရာထူးနေရာအတွက် ပဏာမရွေးချယ်ထားသူများစာရင်း ကြေညာခြင်း

ပါရဂူဘွဲ့၊ မ-၁၊ မ-၂၊ မ-၃

LL.B.,LL.M နပတ-၃၃၂၊ ဝထ-သ-မ-၁၅၊ နပတ မ-၃၂၄၊ နပတ မ-၃၂၅၊ နပတ မ-၃၂၂၊ နပတ ကျား-၄၉၊ ကချင် မ-၂၊ ရန်ကုန် မ-၁၇၉၊ တနင်္သာရီ မ-၂၊ ရန်ကုန် မ-၁၉၊ တနင်္သာရီ ကျား-၆၊ နပတ ကျား-၄၊ နပတ မ-၃၂၉၊ နပတ ကျား-၂၊ နပတ မ-၁၁၆၊ နပတ မ-၃၂၃၊ စစ်ကိုင်း မ-၁၀၉၊ နပတ မ-၃၁၅၊ ရန်ကုန် မ-၄၅၊ နပတ မ-၃၁၆၊ စစ်ကိုင်း မ-၄၅၊ နပတ မ-၃၁၈၊ နပတ မ-၃၁၉၊ နပတ မ-၁၉၊ နပတ ကျား-၁၃

B.E (Mechanical), နပတ မ-၂၀၊ နပတ ကျား-၁၊ နပတ မ-၁၁၊ မန္တလေး မ-၁၉၊ နပတ-နဆတ-ကျား-၁

B.E (Electronics) ပဲခူး မ-၅၊ ဧရာဝတီ မ-၂၊ နပတ မ-၁၀၊ နပတ မ-၂၂

M.Sc,B.Sc (Chemistry), နပတ မ-၂၀၉၊ နပတ ကျား-၄၆၊ နပတ မ-၂၁၀၊ မကွေး မ-၂၈၊ နပတ-နဆတ-မ-၁၆၀၊ ရန်ကုန် မ-၃

M.Sc,B.Sc (Zool), ဝထ-သ-မ-၂၊ ဝထ-သ-မ-၃၊ ဝထ-သ-မ-၄၊ နပတ-နဆတ-မ-၃၁၊ ဝထ-ဒ-မ-၂၆၊ နပတ-နဆတ-မ-၉၈၊ ရန်ကုန် မ-၁၀၂၊ နပတ မ-၅၄၊ နပတ-နဆတ မ-၁၈၊ နပတ-နဆတမ-၂၀၂၊ ရှမ်း မ-၁၅၊ နပတ မ-၈၉၊ ဧရာဝတီ မ-၁၆၊ ရခိုင် ကျား-၁၅၊ ရခိုင် ကျား-၁၆၊ နပတ မ-၁၀၇၊ ဧရာဝတီ မ-၃၅၊ နပတ မ-၈၆၊ ရန်ကုန် မ-၁၀၉၊ ဧရာဝတီ မ-၈၊ ဝထ-သ-၂၃၊ ဧရာဝတီ မ-၂၄၊ မကွေး မ-၃၁၊ နပတ ကျား-၃၇၊ နပတ မ-၁၀၈၊ မကွေး မ-၈၃၊ ကချင် မ-၇

Food Tech, ရန်ကုန် မ-၁၀၊ နပတ မ-၂၁၆

B.Com, နပတ ကျား-၃၊ ရန်ကုန် မ-၇၊ နပတ မ-၄၁၊ မကွေး မ-၃၊ နပတ ကျား-၂၊ နပတ မ-၅၊ နပတ မ-၆၊ နပတ မ-၈၊ နပတ မ-၃၇၊ နပတ မ-၃၉၊ နပတ-နဆတ ကျား-၁၊ နပတ-နဆတ ကျား-၂၊ ကယား မ-၃၆၊ နပတ-နဆတ မ-၂၇၊ ရန်ကုန် မ-၁၀၊ ရန်ကုန် မ-၁၇၊ ရန်ကုန် မ-၁၈၊ ဝထ-သ-မ-၁၃၂၊

B.Sc (Microbiology), ဧရာဝတီ ကျား-၂၊ နပတ မ-၁၊ နပတ-နဆတ-ကျား-၄၊ ရှမ်း မ-၃၊ နပတ မ-၆၊

B.Sc (Biotech), စစ်ကိုင်း မ-၁၊ ဝထ-သ-မ-၂၄၊

B.B.Sc, နပတ မ-၃၁၊ နပတ ကျား-၂၊ နပတ မ-၃၉၊ နပတ-နဆတ-မ-၁၊

B.C.Sc, နပတ-နဆတ မ-၄၊ နပတ မ-၁၀၉၊ နပတ မ-၄၊ နပတ မ-၅၊ မန္တလေး မ-၅၊ ရခိုင် ကျား-၂၊ နပတ ကျား-၁၊ ကရင် မ-၁၊ ချင်း မ-၁၊ ရှမ်း မ-၁၊ ဧရာဝတီ မ-၁၊ ကချင် မ-၁၊ ကယား ကျား-၁၊ ကယား မ-၁၊ နပတ-နဆတ မ-၁

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

စာအုပ်စာပေ လူ့မိတ်ဆွေ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် တည်ဆောက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် တည်ဆောက်မည့်ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန်ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါသည့်ရက်မှစ၍ ၇-၂-၂၀၁၃ ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၀နှင့်၀၆၇-၄၀၄၀၀၇ တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန



ကြော်ငြာစာ
အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄
ကွယ်လွန်သူ ဦးကုလား၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဦးစံဖေ — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ညောင်ပင်ကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကုလား၏ အမွေထိန်းလက်မှတ်စာရရှိသူ ဦးစံဖေက ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ မြအေးချမ်းလမ်းသွယ်(၁)၊ အမှတ်(၄၄)ဟု ခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချလိုကြောင်း လျှောက်ထားလာသည်ဖြစ်၍ ထိုလျှောက်ထားမှုကို ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ရက်) နံနက် ၁၀နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်၍ ခိုင်လုံသော အထောက်အထားများ တင်ပြကန့်ကွက်နိုင်ကြောင်း ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်ရန်ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူဦးစံဖေ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇန်နဝါရီလ ၂၉ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်မြသိန်း)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဒို့ကျေးရွာ ဂျာနယ်ထွက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၁

ဒို့ကျေးရွာဂျာနယ် အတွဲ(၁၀)၊ အမှတ်(၃)အား ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ ယခုအပတ် ဒို့ကျေးရွာ ဂျာနယ်တွင် လယ်ယာမြေပြုပြင် တန်ဖိုးမြှင့်ပေးမှ လယ်ယာဥပဒေက ပေးသော အကျိုးခံစားခွင့်ကို အပြည့်အဝ ရရှိနိုင်မည်။ စပါးသီးနှံစိုက်ပျိုး စရိတ်ချေးငွေများ တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်း တိုးမြှင့်သတ်မှတ်၍ တောင်သူလယ်သမားများ ဝမ်းသာလျက်ရှိစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ မွေးမြူရေး ဆောင်းပါးများ၊ ကျန်းမာရေးဆောင်းပါးများ၊ တိုင်းရင်းသားများကြား သွေးခွဲသပ် လျှို့မှုများကို သတိဖြင့်ဆင်ခြင်၍ နိုင်ငံဖွံ့ဖြိုး တိုးတက်အောင် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူဆောင်ရွက်ကြမည်။ အလောင်းတော် ကဿပ အမျိုးသားဥယျာဉ်သည် သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် အရေးပါသောနေရာတစ်ခုဖြစ်လာနိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် သမဝါယမ ကွန်ရက်နှင့် ဘဏ်များ၏ အခန်းကဏ္ဍ စာတမ်းဖတ်ပွဲကျင်းပစသည့် အသိပညာပေး သုတ ရသဆောင်းပါးများ၊ ကလေးသူငယ် လူကုန်ကူးမှု စိုးရိမ်ဖွယ်မြင့်တက်လျက်ရှိ၊ လာမည့်နှစ် ၅၀ အတွင်း အမေရိကန် ပြည်ထောင်စုတွင် လက်တင်နှင့် အာရှနွယ်ဖွားများ လူများစုဖြစ်လာနိုင်စသည့် နိုင်ငံတကာသတင်း ဆောင်းပါးများ၊ အားကစားသတင်းများ၊ Miss Myanmar International 2013 ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ရွေးချယ်မည်။ စသည့် အနုပညာသတင်းများ၊ ဝတ္ထုတို၊ ကဗျာ၊ ဟာသ၊ ပုံပြင်၊ ကာတွန်း၊ ဗေဒင်နှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။ ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

တောင်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းနိုင်

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပေါင်မြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ညောင်လေးပင်မြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ဘောလခဲမြို့နှင့် နေပြည်တော် (လေဆိပ်)တို့တွင် ၀ ဒသမ ၉၄ လက်မ၊ တောင်ကြီးမြို့တွင် ၀ ဒသမ ၉၁ လက်မနှင့် ဖျာပုံမြို့တွင် ၀ ဒသမ ၇၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်တင့်မှ တိမ်ထူထပ်မည်။

မဖော့ခင် ကားခပိုတောင်းနေသော ရွှေပြည်သာယာဉ်ငယ်လိုင်း

ရန်ကုန် ဇန်နဝါရီ ၃၁

ရွှေပြည်သာမြို့နယ်တွင် ပြေးဆွဲနေသော ခရီးသည်တင်ယာဉ် ယာဉ်ငယ်လိုင်းများမှ တချို့သည် ညနေ ၄ နာရီကျော်သည်နှင့် ယာဉ်စီးခကို သုံးချိုးတချိုး ပိုတောင်းလျက်ရှိကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။

ရွှေပြည်သာမြို့နယ်တွင် အမှတ်(၉၉/၅၇)နှင့် စစ်မှုထမ်းဟောင်းဟူ၍ ယာဉ်ငယ်လိုင်းသုံးလိုင်း ရှိသည်။ အဆိုပါ လိုင်းများသည်ရွှေပြည်သာမြို့နယ် (၉)ရပ်ကွက်၊ ၃ထိပ်နှင့် အမိုးကြီးဈေးတို့တွင် ဂိတ်စဖြစ်ပြီး အင်းစိန်ပန်းခြံရှေ့တွင် ဂိတ်ဆုံးသည်။ ယာဉ်စီးခကို ရှေ့ခန်း ငွေကျပ် ၃၀၀၊ နောက်ခန်း ငွေကျပ် ၁၅၀ သတ်မှတ်ထားသည်။

(၇)ရပ်ကွက်နေ ဦးကျော်ကဝင်းသည် ရွှေပြည်သာမှ ဆူးလေသို့ ဈေးအမြဲတမ်းသွားရောင်းနေသည့် ဈေးသည်တစ်ဦးဖြစ်ကြောင်း၊ ဈေးသည်ဆိုသည်မှာ အချိန်နှင့် တစ်ပြေးညီ ရောင်းဝယ်မှု အဆင်ပြေစေရန်အတွက် ခရီးတွင်ပြီး အမြန်ရောက်သော ယာဉ်ငယ်လိုင်းကားကို အားကိုးစီးရကြောင်း၊ နံနက်ပိုင်းအချိန်တွင် ကားရအောင် မနည်းလုယက်စီးရကြောင်း၊ ထိုအချိန်သည် ရုံးသူ ရုံးသားများ၊ ကျောင်းသူ ကျောင်းသားများ၊ ဈေးသွားဈေးလာများဖြင့် ယာဉ်စီးသူများပြားချိန်ဖြစ်သည့်အပြင် ကားလည်းရှားကြောင်း၊ ခရီးသည်များ ဒုက္ခရောက်ရကြောင်း၊ ယာဉ်နောက်လိုက်များသို့ ယာဉ်စီးခ ကျသင့်ငွေထက် ပိုပေးလိုက်ရသဖြင့် ခရီးသည်များက ပြန်တောင်းရာမှ ယာဉ်နောက်လိုက်အချို့က ပြန်အမ်းစရာမရှိဟု ပြောကြားသကဲ့သို့ အချို့ကလည်း ပြန်အမ်းနိုင်ပါလျက် မအမ်းသေးဘဲ ကြာမြင့်စွာထားပြီး ခရီးအဆုံးရောက်သည့်အခါမှ အကြွေမရှိဟုဆိုကာ လျှော်လိုက်ရသည်များလည်းရှိကြောင်း၊ ခရီးသည်အချို့နှင့်စပယ်ယာတို့စကားများ ရန်ဖြစ်ကြသည်ကိုလည်း မကြာခဏ တွေ့ကြုံရကြောင်း၊ နောက်တစ်ချက်မှာ ညနေ ၄ နာရီကျော်သည်နှင့် ယာဉ်ရှေ့ခန်းကို ငွေကျပ် ၄၀၀၊ နောက်ခန်းကို ငွေကျပ် ၂၀၀ နှုန်းဖြင့် ပိုတောင်းခြင်းဖြစ်ကြောင်း၊ ငွေ ၅၀၊ ၁၀၀ ကျပ်ခန့်ဖြင့် ခရီးသွား ပြည်သူများ ပိုဆင်းရဲမသွားကြောင်း၊ သို့သော်

လည်း မိုးမချုပ်သေးမီ ကားခကိုပိုတောင်းနေခြင်းသည် သက်သက်အခွင့်အရေးယူခြင်း၊ မတရားယူခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဖြစ်ရပ်များကို ယာဉ်ငယ်လိုင်းတွင် ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော တာဝန်ရှိသူများက အချိန်၊ နာရီနှင့်တကွသတ်မှတ်နှုန်းများကို ခရီးသည်များ ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ပေးမည်ဆိုပါက ယာဉ်လိုင်းနှင့် ခရီးသည်များကြား မှုတမှုများ ရှိလာမည်ဖြစ်သည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက် လုပ်ငန်းသုံး သတင်းစာစက္ကူဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံး သတင်းစာစက္ကူများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က)**Newsprint Paper (48.8 Gsm) (30") High Bright ၉၇၇၅ တန်**

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၂-၂၀၁၃ရက်မှ ၁၄-၂-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်သည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၂-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၃၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါတင်သွင်းရန်လိပ်စာ**
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	**ပြည်တွင်း၊ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်**
ပြန်ကြားရေးဝန်ကြီးဌာန	**ထုခွဲရောင်းချရေးကော်မတီ**
ရုံးအမှတ် (၇)၊ နေပြည်တော်	**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၄၁၂၁၃၃၊ ၀၆၇-၄၁၂၁၂၈၊	**ရုံးအမှတ် (၇)၊ နေပြည်တော်**
	ဖုန်း-၀၆၇-၄၁၂၃၂၇

ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ ဂန့်ဂါရပ်ကွက်၊ ဟိုတယ်ဇုန်(၄)တွင် မြေကွက်ရရှိထားသူများ သိရှိစေရန် ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ ဂန့်ဂါရပ်ကွက်၊ ဟိုတယ်ဇုန်(၄)တွင်၊ ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် စည်းကမ်းချက်များသတ်မှတ်၍ မြေကွက်များကို ချထားခွင့်ပြုခဲ့ပါသည်။ မြေကွက်ရရှိသူများသည် ၂၀၁၃ခုနှစ် မတ် ၃၁ရက် နောက်ဆုံးထား၍ ဤရုံးသို့ ကိုယ်တိုင်လာရောက်ဆက်သွယ်ကြပါရန်နှင့် သတ်မှတ်ရက်အတိုင်း လာရောက်ဆက်သွယ်မှုမရှိပါက သက်ဆိုင်ရာမြေကွက်များအား ဥပဒေနှင့်အညီ ပယ်ဖျက်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြေကွက်ရရှိထားသူများ သိရှိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညောင်ဦးခရိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
နေပြည်တော်

အကြောင်းအရာ ။ ပစ္စည်းများဝယ်ယူရန်အတွက် ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်း

၁။ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် အောက်ဖော်ပြပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

(က) **စားရိပ်သာနှင့် စားဖိုဆောင်သုံးပစ္စည်းများ**
(ခ) **အားကစားလေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းများနှင့် အားကစားဝတ်စုံများ၊ ဖိနပ်များ**
(ဂ) **ရေ၊ မီးနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ**
(ဃ) **ရုံးလုပ်ငန်းသုံး စာရေးကိရိယာပစ္စည်းများ**

၂။ ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းလိုသူများအနေဖြင့် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဈေးနှုန်းများ တင်သွင်းအဆိုပြုနိုင်ရန် ကြော်ငြာအပ်ပါသည်။

ဈေးနှုန်းအဆိုပြုလွှာစတင်လက်ခံသည့်နေ့	-	၃၁-၁-၂၀၁၃ရက် (ကြာသပတေးနေ့)
ဈေးနှုန်းအဆိုပြုလွှာပိတ်သည့်နေ့	-	၉-၂-၂၀၁၃ရက် (စနေနေ့)
ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရမည့်နေရာ	-	အားကစားလေ့ကျင့်ရေးစခန်း၊ ဘူးကွဲ(နေပြည်တော်)

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း၊ ဘူးကွဲ(တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၆၂၁၈၊ ၀၆၇-၄၂၂၁၃၆)တို့သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဆက်သွယ်ရန်ဖုန်း-၀၉-၅၉၅၁၄၇၄၇၈၊ ၀၉-၇၃၀၁၂၁၆၈၊ ၀၉-၇၃၁၀၉၁၉၈ ၀၉-၅၁၂၇၈၄၀

အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြု ဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသ ဦးဆောင်၍ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ မဟာဌာနမှူးဆရာတော်များ ဦးဆောင်လျက် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ သင်တန်းသား နိုင်ငံခြားသား၊ ရဟန်းတော်များနှင့် သီလရှင်များ ၁၀၉ပါးတို့သည် ပိဏ္ဍစာရ ဆွမ်းဝတ်ကျင့်သုံး(ဆွမ်းအလှူခံခြင်း) အား ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်၊ အနောက်ပေ၅၀နှင့် အရှေ့ပေ ၅၀လမ်းမကြီးအတိုင်း ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ကြွချီမည်ဖြစ်ပါသောကြောင့် ဆွမ်းအလှူ ကုသိုလ်ပြုနိုင်ခြင်းအကျိုးငှာ နိဗ္ဗာန်အကျိုးမျှော်၍ ကြိုတင်နိုးဆော်အပ်ပါသည်။

(၁၆)ရပ်ကွက်၊ သာသနာနုဂ္ဂဟအသင်း

သရာအာသာ SUCCESS Language Academy
202046 256954 0949249463
Y.W.C.A
Morning Section -10 to 12:00 Mon to Thurs
Evening Section - 3 to 5:00
March 11
Basic English Speaking
2-5:00 Sat+Sun 9 Feb
7:30-9 Mon~Thurs 18,25 Feb
1-2:30 Mon~Thurs 18 Feb
Four Skills English (Basic)
7:30-10:30 Sat+Sun 2 Feb
1-2:30 Mon~Thurs 4,25 Feb
2-5:00 Sat+Sun 9,23 Feb
Pre-Intermediate (4-Skill English)
10-11:30 Mon~Thurs 4 Feb
3:30-5 Mon~Thurs 18 Feb
Intermediate (Academic English)
1-2:30 Mon~Thurs 4 Feb
2-5:00 Sat+Sun 16 Feb
Vocab Enrichment Feb 11, 16
Basic Grammar Feb 4, 16, 25
Intermediate Grammar Feb 25 Mar 23
Basic Writing Feb 11, 23
Intermediate Writing Feb 4
IELTS
IELTS Four Skills Feb 25 Mar 11
IELTS Speaking+Vocab Jan 21 Feb 18
IELTS Reading+Vocab Jan 21 Feb 25
IELTS Writing+Grammar Jan 26 Feb 16
Essay, Letter + Grammar
Sat + Sun (10-12:00)
မတ် 9
Marlins English 4:30-7:30 (Sat+Sun) 9 Feb

ဆရာမွေး အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 0951 72096, 0950 47516

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph. 209077 ,09-731 67000
209388 ,09-731 68000

ရောင်းမည်
လမ်းမတော်ပလာဇာကွန်ဒို၊ မဟာဗန္ဓုလလမ်းမပေါ်၊ 1080 Sqft, 1MBR, 1BR, Air Con သုံးလုံး၊ ကျွန်းပါကေးအခင်း၊
ရောင်းဈေး ကျပ်သိန်း ၁၂၀၀၊
ဖုန်း-၀၉-၇၃၀၀၅၆၅၄

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ထူပါရုံစေတီတော်ကြီး ဉာဏ်တော်နှင့်လုံးပတ်တော် တိုးမြှင့်ပြုပြင်မည်

စစ်ကိုင်း ဇန်နဝါရီ ၃၁

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် ပျက်စီးမှုများနှင့် ပြန်လည်ပြုပြင်မှုများမှာ စေတီ၊ ပုထိုးပေါင်း ၅၉ ခုပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်ပြီး စေတီပုထိုး ၂၀၊ သာသနိက အဆောက်အအုံ ၁၁ ခု ပျက်စီးခဲ့ပြီး ရှေးဟောင်းသုတေသနဦးစီးဌာန သီတဂူ ဆရာတော်ကြီးနှင့် အရှင်ဆေကိန္ဒတို့ ပြင်ဆင်ပေးသော စေတီပုထိုးမှာ ၁၈ ဆူဖြစ်သည်။ စာသင်ကျောင်း ၁၄ ကျောင်း ပျက်စီးခဲ့ပြီး ၁၀ ကျောင်း ပြန်လည်ပြုပြင်ပြီး ဖြစ်သည်။ လူနေအိမ် ရှစ်လုံးပျက်စီးခဲ့ပြီး ခြောက်လုံး ပြန်လည်ပြုပြင်ပေးပြီး ဖြစ်သည်။ အစိုးရအဆောက်အအုံ ၁၁ ခု ပျက်စီးခဲ့ပြီး လေးခု ပြန်လည်ပြုပြင်ပေးပြီးဖြစ်ကြောင်း သိရသည်။



စစ်ကိုင်းမြို့ ပိုးတန်းရပ်ရှိ သမိုင်းဝင် ထူပါရုံစေတီတော်ကြီးမှာ ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး လုံးပတ်တော်၌ အက်ကြောင်းကြီးများ ၁၅ နေရာ အက်ကွဲမှုဖြစ်ပေါ်ခဲ့သည်။ သမိုင်းဝင် ထူပါရုံစေတီတော်ကြီးကို ဉာဏ်တော်နှင့် လုံးပတ်တော် တိုးမြှင့်ကာ သီဟိုဠ်ကျွန်း ထူပါရုံရာမစေတီတော်ကြီး၏ ပုံစံအတိုင်း တည်ထားမည်ဟု သိရသည်။ထူပါရုံစေတီတော်ကြီးအား သက္ကရာဇ် ၈၁၀ ခုနှစ်တွင် အင်းဝနန်းစံ နရပတိမင်းကြီးက တည်ထားခဲ့ခြင်း ဖြစ်သည်။

ပျက်စီးယိုယွင်းသွားသည့် စေတီတော်ကြီးအား စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာအရှင်ဉာဏိဿရက တာဝန်ယူ၍ ပြန်လည်ပြုပြင်သွားမည်ဟု သိရသည်။ ပြန်လည်ပြုပြင် တည်ဆောက်သွားမည့် စေတီတော်ကြီး၏ ပုံစံအား မြန်မာ ဗိသုကာပညာရှင် ဦးဝင်းမောင်က ပုံစံထုတ်ယူ ရေးဆွဲထားကြောင်း၊ ယခု ပြန်လည်ပြုပြင် တည်ထားမည့် စေတီတော်ကြီး၏ ဉာဏ်တော်ကို ယခုလက်ရှိစေတီတော်ထက် ၃၃ ပေမြင့်ကာ ဉာဏ်တော်အမြင့် ၁၉၅ ပေ၊ ဖိနပ်တော်အဝန်း ၁၃၄ ပေခွဲအထိ တိုးမြှင့်တည်ထားမည်ဖြစ်ပြီး သီတဂူ ဆရာတော်ကြီးအနေဖြင့် ငလျင်ဒဏ်သင့် စစ်ကိုင်းမြို့ သမိုင်းဝင် ရတနာစေတီဆင်များရှင် စေတီတော်ကြီးနှင့် မဟာစေတီတော်ကြီးတို့ကိုလည်း တာဝန်ယူ ပြန်လည်ပြုပြင်တည်ထားမည်ဖြစ်ကြောင်း သိရသည်။ ထူပါရုံစေတီတော်ကြီးကိုလည်း လာရောက်ဖူးမြော်ပြီး ပြုပြင်ရန်နေရာများကို စစ်ဆေးကြည့်ရှုရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်ခဲနှင့် ခရိုင်သာသနာရေးမှူးတို့က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၁၃၇)

မန်းမြို့ကွက်သစ်မြေကွက်များ ခြံကာ၊ အိမ်ဆောက်ရန် ကြေညာချက်ထုတ်ပြန်

မန္တလေး ဇန်နဝါရီ ၃၁

မန္တလေးမြို့ ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့မှ နေရာချထားပေးသော မြေကွက်များတွင် မတ်လ ၃၁ ရက် နောက်ဆုံးထား၍ ခြံစည်းရိုးကာရန်နှင့် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ အဆောက်အအုံများ ဆောက်လုပ်ရန် သတ်မှတ်ရက်အတွင်း ဆောင်ရွက်မှုမရှိပါက မြို့သာယာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရန် ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ကြေညာချက် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ ကြေညာချက်တွင် မန္တလေးမြို့ ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့မှ ချထားပေးသော မြေကွက်များတွင် ခြံစည်းရိုးကာရံခြင်း၊ အဆောက်အအုံဆောက်လုပ်မှု မရှိခြင်းတို့ကြောင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို နှောင့်နှေးစေပြီး အများအမြင်တွင် တင့်တယ်မှုမရှိခြင်း၊ ကျူးကျော်နေထိုင်သူများ ဝင်ရောက်နေထိုင်မှုကြောင့် အုပ်ချုပ်မှုဆိုင်ရာ ပြဿနာများဖြစ်ခြင်းတို့ကို စစ်ဆေးတွေ့ရှိရကြောင်း ဖော်ပြထားသည်။

"မြို့ပြ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သက်ဆိုင်ရာပိုင်ရှင်တွေက အိမ်ရာတွေ၊ အဆောက်အအုံတွေ ဆောက်လုပ်ဖို့ လိုအပ်တယ်ဆိုတာကို လက်ခံပါတယ်။ ဒါပေမယ့် အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ လမ်းတွေ၊ လျှပ်စစ်မီးတွေ၊ သောက်သုံးရေတွေ ကောင်းမွန်စွာရနေရင်တော့ တစ်စုံတစ်ယောက်ရဲ့ တိုက်တွန်းချက်မလိုဘဲ စည်ကားလာမယ်လို့ ထင်ပါတယ်။ ဒါတွေမရှိဘဲနဲ့တော့ အဆောက်အအုံ သွားဆောက်ထားပြီးရင်လည်း နေလို့ရမယ် မထင်သေးပါဘူး။ နောက်ပြီး အဆောက်အအုံဆောက်ဖို့ဆိုတာက သင့်တင့်တဲ့ ငွေကြေးရှိဖို့တော့ လိုပါသေးတယ်။ လက်ထဲမှာ ငွေမရှိတော့ ပြန်လည်သိမ်းယူမှာကိုကြောက်ပြီး ငွေရှိတဲ့သူလက်ထဲထိုးရောင်းလိုက်ရင် ကျွန်တော်တို့အခြေအနေက လက်ရှိကနေလက်မဲ့ဘဝရောက်သွားမှာပေါ့။ ကျွန်တော်တို့က ဝန်ထမ်းဘဝ ပင်စင်ယူတဲ့အချိန် ရမယ့်လုပ်သက်ဆုကြေးနဲ့ အိမ်ဆောက်မယ်လို့ ရည်ရွယ်ထားတာပါ၊ ဒီတော့ ဒီကိစ္စကိုလည်း တာဝန်ရှိသူတွေက ပြန်စဉ်းစားစေချင်ပါတယ်"ဟု မြို့သစ်တွင် မြေကွက်ပိုင်ဆိုင်ထားသူ ဝန်ထမ်းတစ်ဦးကပြောကြားသည်။**ရဲညွန့်(မန်း)**

ရေရှားပါးသော တောင်ရင်းရွာသို့ သောက်သုံးရေလှူ ကျေးရွာချင်းဆက်ရေပိုက်သွယ်တန်းရန် လှူဒါန်းနိုင်

စစ်ကိုင်း ဇန်နဝါရီ ၃၁

စစ်ကိုင်းမြို့ မြို့မိမြို့ဖအဖွဲ့မှ ဦးဆောင်၍ သောက်သုံးရေရှားပါးသော စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာသို့ ကားများဖြင့် သောက်သုံးရေ သွားရောက်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၇ ရက် ညနေ ၄ နာရီက တောင်ရင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဝင်းအတွင်း ကျင်းပသည်။

သောက်သုံးရေ အခက်အခဲဖြစ်နေသော တောင်ရင်းကျေးရွာ ရေလှူပွဲသို့ ကျေးရွာပြည်သူများ လာရောက်၍ ဝမ်းသာအားရ ရေခပ်ယူကြသည်။ ရေများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်နှစ်စီးဖြင့် ရေဂါလန် ၁၈၀၀ ဆံ့နှင့် ရေသယ်ထော်လာဂျီယာဉ်များဖြင့် ရေလှူဒါန်းကြသည်။

တောင်ရင်းကျေးရွာသည် စစ်ကိုင်းမြို့နှင့် ၁၆ မိုင်ကျော် ဝေးပြီး တောင်ရင်းမြောက်ရွာတွင် အိမ်ခြေ ၁၇၉ အိမ်၊ လူဦးရေ ၁၀၈၈ ဦးရှိ၍ တောင်ရင်းတောင်ရွာ၌ အိမ်ခြေ ၄၀၄ အိမ်၊ လူဦးရေ ၂၃၂၈ ဦး ရှိသည်။ တောင်ရင်းကျေးရွာအုပ်စုသည် ယခုနှစ် မိုးခေါင်သောကြောင့် သောက်သုံးရေ အဓိကထားသုံးစွဲနေသော ရေကန်ကြီးများ ရေခန်းခြောက်ပြီး စက်ရေတွင်း၊ လက်နှိပ်တွင်းများမှ ထွက်သောရေများသည် ရေပေါ့ရေငန်များ ထွက်သောကြောင့် သောက်သုံး၍မရဘဲ တောင်ရင်းကျေးရွာနှင့် သုံးမိုင်ကျော်ဝေးသည့် ဧရာဝတီမြစ်သို့ ထော်လာဂျီဖြင့် သွားရောက် ခပ်ယူသုံးစွဲနေရကြောင်း သိရသည်။

လှူဒါန်းနိုင်

သောက်သုံးရေ အခက်အခဲ ပြေလည်စေရေးအတွက် ကျေးရွာပြည်သူများကလည်း အနီးရှိကျေးရွာချင်းဆက်သွယ်၍ ရေပိုက်များ သွယ်တန်း၍ ဆောင်ရွက်ရန် အလှူငွေများ လိုအပ်နေကြောင်း သိရ၍ ရေအလှူဒါနပြုလိုသူများအနေဖြင့် ဦးဇော်ဝင်း (ဥက္ကဋ္ဌ) မြို့မိမြို့ဖအဖွဲ့ ဖုန်း-၀၉-၂၀၁၁၄၁၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၃၇)

သူနာပြုတက္ကသိုလ်-မန္တလေး (၁၅)နှစ်ပြည့်အခမ်းအနား ကျင်းပမည်

မန္တလေး ဇန်နဝါရီ ၃၁

သူနာပြုတက္ကသိုလ် မန္တလေး (၁၅)နှစ်ပြည့်အခမ်းအနားကို စက်တင်ဘာလဆန်းပိုင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပရန်အတွက် အခမ်းအနားကျင်းပရေးကော်မတီ အစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက်က တက္ကသိုလ်အစည်းအဝေးခန်းမ၌ကျင်းပရာ ယင်းအခမ်းအနားတွင် သူနာပြုတက္ကသိုလ် မန္တလေးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမဟောင်းများ၊ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ရန်နှင့် အမှတ်တရမဂ္ဂဇင်းထုတ်ဝေရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ မဂ္ဂဇင်းတွင် ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဆောင်းပါးများ ထည့်သွင်းလိုပါက မေလနောက်ဆုံးပတ် အရောက်ပေးပို့နိုင်ကြောင်းနှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် သူနာပြုတက္ကသိုလ် မန္တလေးသို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

(မန်းကိုယ်ပွား)

စက်မှုဝန်ကြီးဌာနမှ ထုတ်ဝေဖြန့်ဖြူးသည့် ကနောင်ဂျာနယ်အား အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အဆိုပြုလွှာခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ထုတ်ဝေခဲ့သော ကနောင်ဂျာနယ်အား ယခုလက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်ပြည့်စုံသော ဂျာနယ်တစ်စောင်အဖြစ် ထုတ်ဝေဖြန့်ဖြူးမှုကို အကျိုးတူပူးပေါင်းဆောင်ရွက်လိုပါသဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းနိုင်ရေးအတွက် အဆိုပြုလွှာပုံစံများအား ဝယ်ယူရောင်းချမှု ကြီးကြပ်ရေးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ပြီး အဆိုပြုလွှာများအား ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)သို့ ၂၅-၂-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ကနောင်ဂျာနယ်တိုက် ဖုန်း-၀၁-၃၇၇၃၁၈၊ စက်မှုဝန်ကြီးဌာန၊ ဝယ်ယူ/ရောင်းချမှုကြီးကြပ်ရေးဌာန၊ ဖုန်း-၀၆၇-၄၀၈၁၉၆၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန ဖုန်း-၀၆၇-၄၀၈၁၂၈ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စက်မှုဝန်ကြီးဌာန

မြေအောက်ဥမင်လိုဏ်ခေါင်းတူးဖော်ရေးနှင့် အထပ်မြင့်အဆောက်အအုံ(Basementcar Parking)တူးဖော်ခြင်း အင်ဂျင်နီယာဘာသာရပ်သင်တန်းကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတို့ ပူးပေါင်းဖွဲ့စည်းထားသော Myanmar Tunnelling Committee မှ ဖေဖော်ဝါရီ ၁၇ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံးခန်း၊ လှိုင်မြို့နယ်တွင် လာရောက်စုံစမ်း စာရင်းပေးသွင်းနိုင်ပါသည်။

ဖုန်း-၀၉-၅၀၃၀၀၃၅၊ ၀၉-၅၁၆၂၁၆၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အင်းစိန် ခုတင်၃၀၀ဆံ့ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး၌ ပြင်ပလူနာအထူးကုဌာနနှင့် အရေးပေါ်လူနာအထူးကုဌာနအဆောက်အအုံတစ်လုံး ဆောက်လုပ်ရန်အတွက် ဈေးပြိုင်အိတ်ဖွင့်တင်ဒါ ပေးသွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အင်းစိန်သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး စီမံရေးရာဌာနတွင် ဆက်သွယ်ဝယ်ယူတင်သွင်းနိုင်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်ရက်နှင့်အချိန်** - ၃၀-၁-၂၀၁၃ ရက်မှ ၈-၂-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၁-၂-၂၀၁၃ရက် နံနက် ၁၀ နာရီ

အင်းစိန်သင်ကြားရေးနှင့်အထွေထွေရောဂါကုဆေးရုံကြီး

လမင်းမိုမို

ပုလဲတစ်ကုံး ဝတ္ထုတိုများ

နှစ် (၃၀) မြောက် အထူးထုတ်

ဖြန့်ချိရေး- မိဖုရားစာပေတိုက် ဖုန်း-၀၉၅၀၀၁၉၈၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
အိတ်ဖွင့်တင်ဒါအမှတ်(၃/၂၀၁၂-၂၀၁၃)

၁။ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သည့် အောက်ပါပစ္စည်း(၁)မျိုးကို ယှဉ်တွဲပါအရေအတွက်အတိုင်း မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) **ဂါလန်(၆၄၀၀)ဆံ့ ဆီသိုလှောင်ကန်(အထူ ၉'' ဂိတ်) 1 Nos**

၂။ အဆိုပါ အိတ်ဖွင့်ဈေးနှုန်းလွှာများကို ၇-၂-၂၀၁၃ ရက် ညနေ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲရေးဌာနရှိ တင်ဒါပုံးအတွင်းသို့ လာရောက်ထည့်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲရေးဌာနသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စုံစမ်းမေးမြန်းရန် ဖုန်း-၀၂-၅၇၀၃၈၊ ၅၇၀၃၅

ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်)၊
မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုသက်ဦး CDC-၁၃၂၇၁ ၏ SIDကတ်သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၂၃၇၂၇၉

ကြော်ငြာ

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

နေပြည်တော်နေ ဒေါက်တာသန်းဝင်း(ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)-ဒေါ်ငွေငွေဝင်းတို့၏သား

ဗိုလ်ကြီးဉာဏ်ဝင်းအောင်

B.Sc (Elec;DSA),M.I.C.Sc(MIET),Myanmar Navy

နှင့်

ဗိုလ်မှူးကြီး သန့်ဇင်အုံး-ဒေါ်ဝင်းမာတို့၏သမီးလတ်

ဒေါက်တာ သန့်စုလှိုင်

M.B.,B.S (Ygn)

တို့သည် ၂၇-၁-၂၀၁၃ရက်တွင် နေပြည်တော် Myanmar International Convention Center (MICC) ၌ ကျင်းပပြုလုပ်ပြီးစီးခဲ့သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်ဆိုင်ရာ ဂုဏ်သရေရှိလူကြီးမင်းများနှင့်မိတ်ဆွေများ၊ ရင်းနှီးသော သူငယ်ချင်းများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်နယ်ဘက်ဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာပန်းကြဲပေးပါသော မဟေမာန်မျိုးဇင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မရည်မွန်စိုး၊ မအေးအေးမင်း တို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးငြိမ်းချမ်းအောင်နှင့် ဗိုလ်ကြီးရဲနန္ဒကျော်၊ မင်္ဂလာသတို့သမီးအရံ မဝင်းမင်းသန်းနှင့် မဝေမွန်လတ်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးအောင်အောင်ဦး(MRTV)၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော တေးသံရှင်မမြမြဝင်း(MRTV)၊ မင်္ဂလာစောင်းတီးခတ်ပေးပါသော စောင်း ကိုချမ်းသာ(MRTV)တို့အားလည်းကောင်း၊ မိတ်ကပ် ဆံပင်နှင့်မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော အစိုင်(မြောင်းမြ)နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးပါသော ကိုမြင့်စိုး (ဗိုလ်ချုပ်ဈေး)အားလည်းကောင်း၊ မင်္ဂလာပန်းအလှနှင့် အစားအသောက်များ စီစဉ်ပေးပါသော ဘောဂသိဒ္ဓိစားသောက်ဆိုင်အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော Icon Photo Studio အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော မိတ်ဆွေများအားလည်းကောင်း၊ MICC မှတာဝန်ရှိ လူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား ကျေးဇူးဥပကာရ လှိုက်လှိုက်လှဲလှဲတင်ရှိပါကြောင်း။

ဗိုလ်ကြီးဉာဏ်ဝင်းအောင်-ဒေါက်တာသန့်စုလှိုင်

တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်တက္ကသိုလ် နောက်ဆုံးနှစ်ခုံအမှတ် ၃/အဇ အင်္ဂလိပ်စာအဓိကဖြင့် အောင်မြင်ခဲ့သော မဆုမွန်လင်းနှင့် မသီသီအေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မဆုမွန်လင်း(ခ)မသီသီအေး
၆/မမန(နိုင်)၂၀၆၇၈၉

တင်ဒါခေါ်ယူခြင်း

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း) အတွက် Oxygen Analyzer (Water Cooling System) (with Cabinet) (1)Set ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၉၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်မည့်ရက်မှာ ၄-၂-၂၀၁၃ရက် ၁၆း၀၀နာရီထိ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၁၀ယ/၆၆၅၅၅ Yinxiang -110 ယာဉ်လက်ဝယ်ရှိသူဦးအောင်ကျော်နိုင် ၈/ခမန(နိုင်)၁၅၁၁၁၁က (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် မြက်ခင်းများရေလောင်းခြင်း၊ ရေဖြန်းခြင်းဆောင်ရွက်နိုင်ရန်အတွက် ရေပိုက်များ၊ ရေပန်းများ သွယ်တန်းတပ်ဆင်လိုပါသည်။ (မြန်မာကျပ်ငွေဖြင့်)

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၇-၂-၂၀၁၃ ရက် ညနေ ၁၅း၀၀နာရီနောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ
မြေတိုင်းဦးစီးဌာန၊ မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၃၀၇၃၊ ၀၆၇-၄၁၃၄၃၃

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဓ/၃၆၈၄ Isuzu TXD 201 Dump Truck (4x2) L ယာဉ်လက်ဝယ်ရှိသူ တည်ဆောက်ရေး(၃) ဆည်မြောင်းဦးစီးဌာန မကွေးမှ (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ည/၆၀၂၈ Toyota ခ A-110 ယာဉ်လက်ဝယ်ရှိသူ တည်ဆောက်ရေး(၃) ဆည်မြောင်းဦးစီးဌာန မကွေးမှ (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ မင်းကြီးညိုရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် ၆၊ မင်းကြီးညိုအရှေ့၊ ဦးပိုင်အမှတ် ၇၅၊ ခြံမြေကွက်အမှတ် ၅၂၆၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်မြမြ ၃/သတန(နိုင်)၀၁၈၃၉၂ ထံမှ ကျွန်ုပ်၏အမှုသည်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးကြည်လင်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၉)
၁၅/၈၆၊ ဘုရားလမ်း၊ တောင်ငူမြို့၊
ဖုန်း-၀၉-၅၃၅၁၃၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ၊နိုင်ငံခြားငွေ (Euro)တို့ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
(က)	၆၂/မမ(CME)(Kyat)	လျှပ်စစ်ပစ္စည်းများ(11)Items
(ခ)	၆၃/မမ(S&T)(Kyat)	အချက်ပြလုပ်ငန်းသုံးပစ္စည်းများ(19)Items (MS Pipe,nail,Bolt & Nut,Twist Drill,PVC Wire အပါအဝင်အချက်ပြပစ္စည်းများ)
(ဂ)	၆၄/မမ(S&T)(Kyat)	E-Government System တပ်ဆင်ရန်ပစ္စည်း(8)Items (Computer ,Printer,Scanner,Server & Software)
(ဃ)	၆၅/မမ(CRA)(Kyat)	Paper Card Board for Printing Railways Ticket (50)Tons
(င)	12(T)26/MR/ISN(Euro)	Speedometer (100)Set
(စ)	12(T)27/MR/ISN(Kyat)	Locomotive Filter (16)Items
(ဆ)	12(T)28/MR/ISN(Kyat)	ABB Turbocharger Spare Parts(4)Items

တင်ဒါပိတ်ရက် – အမှတ်စဉ်(က)(ခ)(ဂ)(ဃ) –၁၃.၂.၂၀၁၃(ဗုဒ္ဓဟူးနေ့)(၁၂း၀၀)နာရီ
– အမှတ်စဉ်(င)(စ)(ဆ) –၁.၃.၂၀၁၃(သောကြာနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၉.၁.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352,291985, 291994.

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ခြံအမှတ် (၄၈)၊ အင်းလျားရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ
ဦးတင်မောင်မြင့်-ဒေါက်တာဒေါ်ယဉ်နွယ်တို့၏သား

မောင်သူရိန်

Managing Director (Myanmar Digital Signature Co.,Ltd.)

နှင့်

မန္တလေးမြို့၊ အမှတ် (၁၃၆)၊ ၃၅လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်နေ
ဦးကျော်ဝင်းမြင့်-ဒေါ်ဝင်းဝင်းခိုင် (မြကျွန်းညို ပရိဘောဂလုပ်ငန်း)တို့၏သမီး

မမီမီကျော်ခိုင် (ခ) Jemmy

တို့သည် ၂၇-၁-၂၀၁၃ရက်တွင် နှစ်ဖက်သောမိဘများ သဘောတူခွင့်ပြုချက်အရ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရိန်-မမီမီကျော်ခိုင် (Jemmy)

FAME Echinacold®
For acute respiratory tract infection
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 007347 (1213)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
အအေးမိတုပ်ကွေးရောဂါကုဆေး

ဒါန ဘုရားဖူးအဖွဲ့ ၏ အိန္ဒိယ - နီပေါ ဘုရားဖူးခရီးစဉ်
သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ ၊ နယူးဒေလီ ၊ အာဂရာ ၊ တပ်ချ်မဟာနေရာများသို့ (၁၄ည/၁၅ရက် MAI) ခရီးစဉ်များ ပို့ဆောင်ပေးနေပါသည်။ ဇန်နဝါရီမှ ဧပြီအထိ အပတ်စဉ် စနေနေ့တိုင်း ထွက်ခွာပါသည်။ (ယိုးဒယား နှင့် သီရိလင်္ကာ သကြ်န်ခရီးစဉ် ၆ ည/၇ ရက်–1550 USD)
950 USD + ၅၀၀၀၀ိ/-
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ပုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို- အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၁၀၀-B)၊၆၂ လမ်း၊၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး •ဖုန်း -09 402 64 8989, 09 5300305

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကြီးမှ ကြီးမှူးကျင်းပသော စာအုပ်ဈေးပွဲတော်နှင့် စာပေဟောပြောပွဲ

(၃၁-၁-၂၀၁၃) မှ (၃-၂-၂၀၁၃) အထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်း၊ အမျိုးသားဇာတ်ရုံတွင် နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၆း၀၀ အထိ

နေ့စဉ်ဟောပြောမည့် (၁-၂-၂၀၁၃) မောင်စိန်ဝင်း(ပုတီးကုန်း)၊ကိုတာ၊သန်းမြင့်အောင်
ဆရာဆရာမများ (၂-၂-၂၀၁၃) ဦးဘုန်း(ဓာတု)၊လင်းသိုက်ညွန့်(မြန်မာမြေ)၊ဂျူး
(၃-၂-၂၀၁၃) ဖေမြင့်၊ကျော်ဝင်း၊ချစ်ဦးညိုတို့မှ ဟောပြောကြမည်ဖြစ်ပြီး စာအုပ်တိုက်ပေါင်း ၇၀ ကျော်မှ အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ရာ စာပေချစ်မြတ်နိုးသူ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ပါသည်။

Asian Diary Travels & Tours
* မကွေး၊ မန်းရွှေစက်တော်၊
45000 , Mar 1/22/25
* မကွေး၊ မန်းရွှေစက်တော်၊ပုဂံ၊ပုပ္ပား
125000, Mar 22
Ph : 0973069568 , 095120546, 092201196, 01-394711

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၈၉၈၆၇ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဖောင်း ၁၃/ကတန(နိုင်)၁၂၀၈၉၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ကျိုင်းတုံ)

ကန့်ကွက်စာတင်ပြခြင်း
ဒဂုံမြို့သစ်(အရှေ့ပိုင်း)ဝန်ထမ်းမြေကွက်များဖြစ်သော

(၁) ၁၅၇/ရပ်ကွက်၊ အမှတ် ၁၁၇၁၊ အလျားပေ ၄၀×အနံပေ၆၀ ရှိ ဒေါ်အုံးကြိုင်(ကျန်းမာရေး) အမည်ပေါက်မြေကွက်

(၂) ၁၅၉ ရပ်ကွက်၊ အမှတ် ၆၄၇၊ အလျားပေ၄၀×အနံပေ၆၀ရှိ ဦးခင်ငြိမ်း(ဆလရ) အမည်ပေါက်မြေကွက်

(၃) ၁၅၉ ရပ်ကွက်၊ အမှတ်(၅၃၈)၊ အလျားပေ ၄၀×အနံပေ၆၀ရှိ ဒေါ်မြစိန်(ဆောက်လုပ်ရေး) အမည်ပေါက်မြေကွက်တို့အား ကျွန်မဒေါ်သန်းသန်းထွေး ၅/ကလတ(နိုင်)၀၀၃၇၂၀က ဝယ်ယူထားရှိပိုင်ဆိုင်ခဲ့ရာမှ အထက်ပါမြေကွက်များ၏မြေချပါမစ်မူရင်းများ ပျောက်ဆုံးသွားပါသည်။

သို့ပါ၍ ထိုမြေကွက်(၃)ကွက်နှင့်ပတ်သက်ပြီး တစ်စုံတစ်ဦးသောသူမှ လာရောက်၍ ပါမစ်မူရင်းများကို ထုတ်ယူခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်းတို့အား ကန့်ကွက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

အမြန်ရောင်းမည်

